မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၅၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်အား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် စက်တင်ဘာ ၂၁

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်အား ယနေ့နံနက် ၉ နာရီတွင် ဖနောင်ပင်မြို့ရှိ Peace Palace ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးချိုထွန်းအောင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းဝင်း၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများကောင်စီရုံး ဝန်ကြီး H.E. Mr. Sok An၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H. E. Mr. Sry Thamarong၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Ung Sean နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့သည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လွှတ်တော်ပေါ်ပေါက်လာပုံနှင့် လွှတ်တော်က ဥပဒေပြုအာဏာကို ကျင့်သုံးသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် မြန်မာနိုင်ငံနှင့် လွန်ခဲ့သော ၁၉၅၅ ခုနှစ်မှစ၍ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုရှိခဲ့ပြီး အစဉ်တစိုက် ချစ်ခင်ရင်းနှီးမှုရှိသည့် နိုင်ငံများဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်အား ဖနောင်ပင်မြို့ရှိ **Peace Palace** ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ပတ်စရာ၊ မှတ်စရာ သတင်း အညွှန်း

မင်းလှမြို့၌ သီပွံ့နည်းကျစိုက်ပျိုးအောင်မြင်မှု လက်တွေ့ပြသ။ စာ-၂

လုပ်ငန်းများဆောင်ရွက်ရာ၌ ရည်ရွယ်ချက်၊ လုပ်ငန်းလမ်းစဉ်မှန်ကန်၍ အချိန်အခါ နေရာဒေသနှင့်ကိုက်ညီရန်၊ ဝန်ထမ်းအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်

ရှမ်းပြည်နယ် ဟိုပုံးနှင့် တောင်ကြီးမြို့တို့ရှိ ဆေးရုံများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေသက်ခင် လှည့်လည်ကြည့်ရှု စာ-၄

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက် အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် ၂၀ ဒသမ ၂ ပေခန့်မှ ၂၁ ဒသမ ၇ ပေခန့်အထိ ထူးကဲဒီရေတက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့် ၂၁ ဒသမ ၈ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးချက်ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၂ ရက်)

မြန်မာ့အားကစား အဆင့်အတန်းမြင့်မားရေး စဉ်ဆက်မပြတ်ကြိုးပမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ စက်တင်ဘာလ ၂၀ ရက်နေ့က တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။

ဒုတိယသမ္မတက "အားကစားအောင်မြင်မှုကို ရယူလိုလျှင် အားကစားအဝိုင်းအဝန်းထဲကို ရောက်လာကြသည့်သူများအားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်ကို သိရန်လိုကြောင်း၊ အားကစားသမား၊ နည်းပြ၊ စီမံခန့်ခွဲသူ၊ ဦးဆောင်ပံ့ပိုးသူ၊ အထောက်အကူပြုသူများအဖြစ် ပရိသတ်ကပါ တာဝန်ကိုယ်စီရှိကြကြောင်း၊ ထို့အပြင် အားကစားသမားတစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အသက်အရွယ်၊ ပညာအရည်အချင်း၊ တွေးတောဆင်ခြင်မှု၊ ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးမှု၊ သက်လုံကောင်းမှု၊ ပြည်တွင်းပြည်ပပြိုင်ပွဲအတွေ့အကြုံ စသည်တို့အပြင် မိမိ၏ ရည်မှန်းချက်ကိုလည်း မြင့်မြင့်မားမားထားရှိနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း"ကို ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ထူးချွန်အားကစားသမားမျိုးဆက်သစ်များ ပြုစုပျိုးထောင်ပေးခြင်း၊ ပြည်တွင်းအားကစားပြိုင်ပွဲများ တာဝန်ယူကျင်းပခြင်းနှင့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများအတွက် ရွေးချယ်လေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အားကစားသမားများ ယှဉ်ပြိုင်ကြသည့်နေရာတွင် ပထမရည်မှန်းချက်မှာ အောင်နိုင်ရေးဖြစ်ပြီး ဒုတိယမှာ မိမိတို့၏အနိုင်သည် ရှိပြီးသားဒေသစံချိန်၊ ကမ္ဘာ့စံချိန်ထက် နိမ့်သည်၊ မြင့်သည် သိရှိရမည်ဖြစ်သည်။ သို့မှသာ မိမိတို့၏ စွမ်းဆောင်မှုအဆင့်သည် မည်သည့်အဆင့်တွင် ရှိသည်၊ တက်နေသည်၊ ကျနေသည်တို့ကို သိနိုင်မည်ဖြစ်သည်။ မည်သို့ ကြိုးစားအားထုတ်ရမည်ကိုလည်း သိရှိရမည်ဖြစ်သည်။

အားကစားတွင် စဉ်ဆက်မပြတ်တိုးတက်နေမှသာ ကမ္ဘာ့အားကစားကို အမီလိုက်နိုင်မည်ဖြစ်သည်။ တစ်ဦးချင်းကောင်းသည့် စွမ်းဆောင်မှုဖြင့်နိုင်သည့် အားကစားရှိသကဲ့သို့ အဖွဲ့လိုက်ကောင်းပါမှ နိုင်သည့် အားကစားမျိုးများရှိရာ အားကစားသမားများအားလုံးသည် မိမိအရည်အသွေးတိုးတက်ရန် စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်နေကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ "မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံတော်အလံကို တလူလူလွှင့်ထူနိုင်ပြီး မြန်မာ့အားကစားအဆင့်အတန်း မြင့်မားရေးအတွက် အားကစားသမားများက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စဉ်ဆက်မပြတ်ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီက ထားဝယ်မြို့နယ် ကျောက်မော်ကျေးရွာ ကွင်းအမှတ်(၆၀)ရှိ လယ်သမားကြီး ဦးသိန်းအောင်၏ လယ်မြေ၌ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး၏ မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲအခမ်းအနားသို့တက်ရောက်၍ တနင်္သာရီတိုင်းဒေသကြီးသည် ဆန်ဖူလုံမှုရာနှုန်း ၁၀၅ ဒသမ ၉၀ ရာခိုင်နှုန်းရှိရာ စပါးထပ်မံပိုလျှံရေးအတွက် ဆောင်ရွက်ကြရန်၊ တိုင်းဒေသကြီး၏ မိုးစပါးလျာထားချက် ၃၄၇၇၄၇ ဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရန်၊ ယခုစိုက်ပျိုးပြီး ဧကမှာ ၃၄၁၆၈ ဧကဖြစ်ပြီး ရာနှုန်းအားဖြင့် ၉၈ ဒသမ ၂၅ စိုက်ပျိုးပြီးဖြစ်ပြီး ကျန်ဧကများ ရာသီအမီစိုက်ပျိုးရန်၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ဆန်ဖူလုံမှုကိုကြည့်ပါက ၀ ဒသမ ၆၈ ရာခိုင်နှုန်းသာရှိသဖြင့် ရာနှုန်းပြည့်မီရန်အတွက် ဆောင်းသီးနှံအဖြစ် ဆီထွက်နေကြာနှင့် ပဲမျိုးစုံစိုက်ပျိုးသင့်ကြောင်း၊ ပဲမျိုးစုံတွင်နေကြာကို ကြားညှပ်အတန်းလိုက်ထည့်သွင်းစိုက်ပျိုးသင့်ကြောင်း ရှင်းလင်းမှာကြားသည်။

စက်မှုလယ်ယာပြောင်းလဲ

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက် ၉ နာရီတွင် ကနိုင်းဒါကျေးရွာရှိ တောင်သူ ဦးသန်းစိန်၏ မိုးစပါးမျိုးသန့်စံပြစိုက်ခင်း၌ကျင်းပသည့် စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး စက်နှင့်ထွန်စက်ဖြင့်ရိတ်သိမ်းသကဲ့သို့ တစ်သီးထက်ပိုမိုစိုက်ပျိုးပါက အခြောက်ခံစက်ကိုပါ အသုံးပြုသင့်ကြောင်း၊ စပါးအထွက်ကောင်းမျိုးများကို သုံးစွဲစိုက်ပျိုးကြသဖြင့် အထွက်နှုန်းပိုလာမည်ဖြစ်ကြောင်း၊ မိမိနှင့်နီးစပ်ရာတောင်သူများကိုလည်း စပါးမျိုးကောင်းများဖြန့်ဖြူးပေးရမည်ဖြစ်ကြောင်း၊ တတ်သိနားလည်သောတောင်သူများက မသိသေးသောလယ်သမားများ အားကျလာအောင် စံပြနမူနာပြုလုပ်ပြသရန်လိုကြောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲဆောင်ရွက်ရန်လိုကြောင်းတို့ကို မှာကြားကာ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့မှတစ်ဆင့် သပြေချောင်းကျေးရွာ ကွင်းအမှတ်(၁၀၄)ရှိ တောင်သူ ဦးတင်အေးနှင့် တောင်သူ ဒေါ်အေးအေးအောင်တို့၏ မိုးစပါး ငါးဧကစိုက်ခင်း၌ကျင်းပသော စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံကျော်လွန်ရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးရေးတို့ကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

UMFCCI သင်တန်းကျောင်း စုပေါင်းသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သော Certificate Course for Office Management အပတ်စဉ်(၆)၊ Certificate Course for Practical Approach to International Trade အပတ်စဉ်(၄)၊ Certificate Course for Systematic Distribution and Management အပတ်စဉ်(၄)၊ Certificate Course for Sale and Marketing အပတ်စဉ်(၂)၊ Certificate Course for Business English အပတ်စဉ်(၄) နှင့် Certificate Course for Japanese Language အပတ်စဉ်(၄) သင်တန်းများ ဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ အသင်းချုပ် ပထမထပ်ခန်းမကြီး၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က သင်တန်းများဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခွန်ပညာပေးဆွေးနွေးပွဲ မြောင်းမြမြို့၌ ကျင်းပ

မြောင်းမြ စက်တင်ဘာ ၂၁

မြောင်းမြမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနိုင်က အခွန်အရပ်ရပ်နှင့်ပတ်သက်သော ဥပဒေများအကြောင်း သိကောင်းစရာများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမင်းမင်းကျော်က စားသောက်ဆိုင်စီမံချက်ကိစ္စရပ်များနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချခြင်း စီမံချက်ဆိုင်ရာအကြောင်းအရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားခဲ့ပြီး အခွန်ပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မင်းလှမြို့၌ သိပ္ပံနည်းကျစိုက်ပျိုးအောင်မြင်မှု လက်တွေ့ပြသ

မင်းလှ စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် သိပ္ပံနည်းကျ စိုက်ပျိုးထားသော အထူးအထွက်တိုးမျိုး ၁၅ ဧက စံပြစိုက်ခင်း၌ အောင်မြင်ဖြစ်ထွန်းနေသောစပါးခင်းကို စက်တင်ဘာ ၁၀ ရက်၊ ၁၁ ရက်များက လက်တွေ့ပြသဆွေးနွေးပွဲ ကျင်းပရာ တောင်သူများ လေ့လာကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် ခရိုင်မန်နေဂျာဦးဌေးဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီများမှ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားလာရေးအတွက် အခြေခံလိုအပ်ချက် (၅)ရပ်နှင့်အညီ စပါးတစ်ဧက တင်း ၁၀၀နှုန်းအထက် ထွက်ရှိရေး လိုက်နာရမည့် သိပ္ပံနည်းကျ နည်းစနစ် (၁၄)ချက်ကို ရှင်းလင်းဆွေးနွေးပြီးနောက် သာယာကုန်းကျေးရွာ တောင်သူဦးနန်းလွင်ဦးနှင့် သရက်တပင်ကျေးရွာတောင်သူဦးခင်စိုးတို့၏ အောင်မြင်ဖြစ်ထွန်းနေသောစပါးခင်းများတွင် တက်ရောက်လာသောတောင်သူများက သိပ္ပံနည်းကျ စိုက်ပျိုးထားသောစပါးခင်း၏ အပင်ပွားစည်းမှုနှင့် အနှံထွက်ရှိမှု အခြေအနေများကို လက်တွေ့လေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မင်္ဂလာဒုံမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု လေးထောင့်ကန်စံပြကျေးရွာရှိ စွယ်တော်(၃)လမ်း လမ်းအကျယ် ၁၂ ပေ၊ အရှည် ၁၀၁၁ ပေ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါကွန်ကရစ်လမ်းသစ်ကို DELCO Co.,Ltd. မှ ငွေကျပ် ၂၅၉၀၀၂၆၀ အကုန်အကျခံကာ ခင်းပေးခဲ့ခြင်းဖြစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး၊ DELCO Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကွန်ကရစ်လမ်းနှင့် ပတ်သက်သည့် အချက်အလက်မှတ်တမ်းစာအုပ်ကို DELCO Co., Ltd. မန်နေဂျင်းဒါရိုက်တာက မင်္ဂလာဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၁၄)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ တာလေမြို့တွင် ပေးအပ်

တာလေ စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာလေမြို့နယ် နားအွန်မူလတန်းလွန်ကျောင်းတွင် ဩဂုတ် ၂၅ ရက်က နိုင်ငံသားအရည်အချင်းပြည့်မီသူ အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆိုင်ကယ်စီးလျှင် လူနှစ်ဦးထက် ပိုမစီးရ

ဂုဏ်ပြုဆုချီးမြှင့်

သန်လျင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၇ ရက်က အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မငြိမ်းစုဝေအား ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄၉)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မှော်ဘီမြို့နယ်၌ ပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မှော်ဘီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုသည် စက်တင်ဘာ ၁၆ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (မှော်ဘီ) ခန်းမ၌ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် သတိပြုရမည့်အချက်များ၊ ဆောင်ရန်ရှောင်ရန်နည်းလမ်းများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများအကြောင်း အသိပညာပေးဟောပြောပြီး လျှပ်စစ်ဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၁) အင်္ဂလိပ်စာစွမ်းရည်သရုပ်ပြ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့်အင်္ဂလိပ်စာစွမ်းရည်မြှင့် သင်တန်းအမှတ်စဉ်(၁) သရုပ်ပြအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာစွမ်းရည်မြှင့် သင်တန်းအမှတ်စဉ်(၁) အင်္ဂလိပ်စာစွမ်းရည် သရုပ်ပြ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မှာကြား

အခမ်းအနားတွင် အင်္ဂလိပ်စာစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ်(၁) သင်တန်းသား သင်တန်းသူများက အင်္ဂလိပ်စာစွမ်းရည် သရုပ်ပြဆွေးနွေးမှုများကို တင်ပြဆွေးနွေးကြရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းထွန်းက "ထေရဝါဒ ဗုဒ္ဓဘာသာနှင့် မဟာယန ဗုဒ္ဓဘာသာတို့၏ခြားနားမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဦးစီးအရာရှိ ဦးအောင်ဗလဟိန်းက "သစ္စာတရားလေးပါး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လတ်လတ်မိုးက "မဂ္ဂင်ရှစ်ပါး"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစီးအရာရှိ ဦးသူရိန်မြင့်က "မိတ်ဆွေကောင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ရှိ ဗဟိုစံပြငါးဈေးကြီးနှင့် အအေးခန်းစက်ရုံများ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၁

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြ ငါးဈေးကြီးသို့ရောက်ရှိပြီး ငါးဒိုင်ကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စံပြငါးဈေးကြီးရှိ ငါးတင်/ငါးချဆိပ်ခံတံတားနှင့် ဗဟိုစံပြငါးဈေးကြီးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့မှတစ်ဆင့် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းရှိ ရွှေဇင်ယော်ဟိန်း ငါးလေလံဈေးနှင့် ငါးတင်/ငါးချ ဆိပ်ခံတံတားသို့လည်းကောင်း၊ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄) မြဝတီမင်းကြီးလမ်းရှိ GREAT International Fisheries Ltd. အအေးခန်းစက်ရုံသို့ လည်းကောင်း၊ ရွှေပြည်သာ မြို့နယ်... ရွှေယမုံ ငါး/ပုစွန် ပြုပြင်ထုတ်လုပ်ရေး အအေးခန်းစက်ရုံသို့လည်းကောင်း သွားရောက်ပြီး ငါးပုစွန်လေလံတင်နေမှု အခြေအနေများနှင့် ငါး/ပုစွန် ပြုပြင်ထုတ်လုပ်မှု အဆင့်ဆင့်နှင့် ပြုပြင်အေးခဲထားမှု၊ စက်ရုံ၌ အသုံးပြုသည့် ရေသန့်စနစ် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါ ခန်းမဆောင်၌ ကျင်းပသည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းအဖွဲ့များနှင့်တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး သားငါးကဏ္ဍဆိုင်ရာ နိုင်ငံတော်၏ရည်ရွယ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းအခန်းကဏ္ဍအရေးပါမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၉-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ အကပဒေသာ
- ၈း၁၀ ၈။ အတီးပြိုင်ပွဲ
- ၈း၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၃၀ ၁၀။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ)(အခြေခံပညာ ၁၅-၂၀အဆင့်) (အမျိုးသား၊အမျိုးသမီး)**
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်

ညပိုင်း

- ၃း၃၀ ၁။ **AFF U-19 CHAMPIONSHIP 2011 ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (ဗိုလ်လုပွဲ) Thailand Vs Vietnam**
- ၅း၀၀ ၂။ တေးဂီတအစီအစဉ်
- ၅း၁၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၁၅ ၄။ တရုတ်နိုင်ငံ၏ လေစွမ်းအင် အသုံးပြုမှု
- ၅း၂၅ ၅။ အဆိုပြိုင်ပွဲ
- ၅း၃၀ ၆။ မျိုးမှန်ပျိုးသန် အထွက်တိုးရန် အစဉ်အားထား စပ်မျိုးစပါး
- ၅း၄၅ ၇။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၀-၁၅ အဆင့်) (အမျိုးသား၊ အမျိုးသမီး)**
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ ပျော်ရွှင်စေသော နေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၆၇)
- ၆း၃၅ ၁၁။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကံဖန်ဖန်အမွေဆိုင်** (အပိုင်း-၂၉)
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အကဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြု ဆွေးနွေးခန်း**
- ၁၇။ အစာလည်းဆေး၊ ဆေးလည်းအစာ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး နောက်ဆုံးချစ်ပုံပြင်** (ဒုတိယတွဲ) (အပိုင်း-၃)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၉၅)

မှတ်သားဖွယ်ရာမိုးရေချိန်များ ၂၁-၉-၂၀၁၁

လောင်းလုံမြို့	**ချောင်းဆုံမြို့**
၅ ဒသမ ၇၁ လက်မ	၃ ဒသမ ၄၆ လက်မ
ထားဝယ်မြို့	**ကျိုက်မရောမြို့**
၅ ဒသမ ၅၅ လက်မ	၃ ဒသမ ၁၈ လက်မ
ရေးမြို့	**ကိုကိုးကျွန်းမြို့**
၄ ဒသမ ၀၆ လက်မ	၂ ဒသမ ၉၆ လက်မ

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား JICA ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့ လာရောက်တွေ့ဆုံ

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ဌာနေကိုယ်စားလှယ် Mr. Hideo Miyamoto ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ဌာနေကိုယ်စားလှယ် Mr. Hideo Miyamoto ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ JICAနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တို့အကြား ပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထိုသို့ တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော် စည်ပင်စာရေးဝန်ထမ်းများ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၁

မြို့တော်နေပြည်သူများ လူနေမှုဘဝအဆင့်အတန်း မြင့်မားစေရေး၊ စိတ်ချမ်းသာစွာ နေနိုင်ရေးတို့အတွက် ဝန်ထမ်းကောင်းများအဖြစ် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးလှမြင့်က ယနေ့နံနက် ၈ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ ကျင်းပသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စာရေးဝန်ထမ်းများ မွမ်းမံသင်တန်း အမှတ်စဉ် (၂၈)ဖွင့်ပွဲ အခမ်းအနား၌ ပြောကြားသွားသည်။

ကြာမြင့်မည်

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၂၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၁၂နာရီခွဲတိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား JICA ၏ ဌာနေကိုယ်စားလှယ်နှင့် INGO စေတနာအဖွဲ့၏ Project Director တို့ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၁

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ ဌာနေကိုယ်စားလှယ် Mr. Hideo Miyamoto သည် ယနေ့ညနေ ၃ နာရီတွင်လည်းကောင်း၊ INGO စေတနာအဖွဲ့၏ Project Director Mr. Makoto Shiraki သည် ညနေ ၄နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဘရွှေအား ထိုင်းနိုင်ငံဆိုင်ရာ EU ကိုယ်စားလှယ်အဖွဲ့မှ သံမှူး လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၁

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား ထိုင်းနိုင်ငံဆိုင်ရာ EU ကိုယ်စားလှယ်အဖွဲ့မှ သံမှူး Mr. Mads KORN သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် EU အဖွဲ့ဝင်နိုင်ငံများအကြား သုတေသနနှင့်အဆင့်မြင့်ပညာရပ်ဆိုင်ရာ ပညာရေးပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား ထိုင်းနိုင်ငံဆိုင်ရာ EU ကိုယ်စားလှယ်အဖွဲ့မှ သံမှူး Mr. Mads KORN လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် ဟိုပုံးနှင့် တောင်ကြီးမြို့တို့ရှိ ဆေးရုံများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် လှည့်လည်ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၂၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ရှမ်းပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ မျိုးထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် ပြည်သူ့ဆေးရုံ အမျိုးသမီး လူနာကုသဆောင်၊ သွားနှင့်ခံတွင်းရောဂါကုဌာန၊သားဖွားကုသဆောင်၊ သားဖွားခန်း၊ ကာကွယ်ဆေးသိုလှောင်သည့် အအေးခန်း၊ ဓာတ်ခွဲခန်း၊ ဆေးပစ္စည်းအရောင်းဆိုင် တည်ဆောက်မည့် ဇီဝိတဒါနဆောင်၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့်နေရာနှင့်အသစ်တူးဖော်မည့်အဝီစိရေတွင်းနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ယာပုံ)

ပူးပေါင်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာ၌ ရည်ရွယ်ချက်၊ လုပ်ငန်းလမ်းစဉ်မှန်ကန်၍ အချိန်အခါ နေရာဒေသနှင့်ကိုက်ညီရန်၊ ဝန်ထမ်းအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကာ စည်းလုံးမှု ပျက်ပြားသောအပြောအဆို၊ အထင်အမြင် လွဲမှားစေသည့် အပြုအမူများ ရှောင်ကြဉ်ကြရန်စသည်ဖြင့် မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး၊ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ အလုပ်သင် ဆရာဝန်များ၊ သူနာပြုအုပ်များ၊ သူနာပြုများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ရှမ်းပြည်နယ် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း သားဖွားသင်တန်းဌာနသို့ သွားရောက်၍ သရုပ်ပြခန်း၊ စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းခန်းမ၌ သင်တန်းသူများအား တွေ့ဆုံသည်။

တိုက်တွန်းမှာကြား

ယင်းနောက် တောင်ကြီးမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံကြီးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုအုပ်များ၊ သူနာပြုများနှင့်တွေ့ဆုံ၍ ပြည်သူများအားကိုးပြီး နာမည်ရခဲ့သည့် ဆေးရုံကြီး၏ ဂုဏ်ပုဒ်ကို ဆက်လက် ထိန်းသိမ်းကာ ပိုမိုကောင်းမွန်အောင် ကြိုးစားသွားကြရန်၊ ပြည်သူများအား ဆေးရုံအဆင့်အလိုက် ထိရောက်သော ကုသရေးကို ကျယ်ကျယ်ပြန့်ပြန့် ကုသပေးနိုင်ရန်၊ ကျွမ်းကျင်ထူးချွန်သော ဆရာဝန်ကြီးများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး တပည့်မွေးပညာပေး လေ့ကျင့်မွေးထုတ်ပေးကြရန်၊ မိမိကျွမ်းကျင်သည့် ထူးချွန်သော ဘာသာရပ် အသုံးဝင်မှုအပေါ် မိမိ၏ ထူးချွန်မှုအရည်အချင်းကို တန်ဖိုးထားတတ်ရန်၊ မိမိအကျိုးအတွက် ကျေးဇူးရှိခဲ့သော ပတ်ဝန်းကျင်ဖြစ်သည့် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် သူနာပြုသင်တန်းကျောင်းရှိ ကွန်ပျူတာခန်း၊ Skill Training Lab၊ စာကြည့်တိုက်၊ Language Lab များကိုကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းခန်းမ၌ သင်တန်းသူများနှင့် တွေ့ဆုံကာ စာသင်ဆောင်နှင့် ကျောင်းဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E & P) သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းဖြင့် ကုန်းတွင်းသို့ သွယ်တန်းမည်ဖြစ်ပြီး ထိုသို့သွယ်တန်းရာ၌ ပိုက်လိုင်းကမ်းခြေသို့ဝင်ရောက်ရန် နေရာဖြစ်သော ကမ်းခြေအနီးတစ်ဝိုက် (Near Shore Landfall Area)တွင် မြေပြုပြင်ခြင်းလုပ်ငန်းများကို Excavator Mounted Spud Barge " Dredging Dharti XXIV " နှင့် Dismountable Dredger "Dharti XI "တို့ဖြင့် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ၂၀၁၂ခုနှစ် မေ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Excavator Mounted Spud Barge " Dredging Dharti XXIV " နှင့် Dismountable Dredger "Dharti XI " တို့ဖြင့် မြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်မည့် လုပ်ငန်းခွင်တည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅မိနစ် ၂၂ ဒသမ ၁၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ် ၁၈ ဒသမ ၃၇၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၅ မိနစ် ၅၁ ဒသမ ၅၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀မိနစ် ၄၁ ဒသမ ၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၅၄ ဒသမ ၈၅၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၂၇ ဒသမ ၁၉၂ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၃၀ ဒသမ ၃၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၀၄ ဒသမ ၅၃၇စက္ကန့် အတွင်းတွင် ဖြစ်သည်။

အသိပေးကြေညာ

သို့ဖြစ်ပါ၍ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကမ်းခြေသို့ ဝင်ရောက်ရန် နေရာဖြစ်သော ကမ်းခြေအနီးတစ်ဝိုက်တွင် မြေပြုပြင်ခြင်းလုပ်ငန်းများကို Excavator Mounted Spud Barge " Dredging Dharti XXIV "နှင့် Dismountable Dredger "Dharti XI " တို့ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ရုပ်ရှင်အမြည်း နိုင်ငံခြားဇာတ်ကားသစ် CONAN THE BARBARIAN ပြိုင်ဘက်မရှိ ရုံဝင်လာ

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် စက်တင်ဘာ ၂၁

ယခုသီတင်းပတ် စက်တင်ဘာ ၂၃ ရက်(သောကြာနေ့)၌ မြန်မာဇာတ်ကားသစ် ရုံဝင်လာခြင်းမရှိဘဲ နိုင်ငံခြားဇာတ်ကားသစ် CONAN THE BARBARIAN ရုပ်ရှင်ကား နေပြည်တော်ရုံတွင် ရုံဝင်လာရာ နိုင်ငံခြားဇာတ်ကားသစ်မျှော်လင့်နေသော ပရိသတ်အတွက် အကြိုက်တွေ့စရာပင် ဖြစ်သည်။

ဒါရိုက်တာ Marcus Nispel ရိုက်ကူးပြီး သရုပ်ဆောင် Jason Momoa နှင့် Stephen Lang တို့ပါဝင်ထားသည့် အက်ရှင်ဇာတ်ကားဖြစ်သည်။ရာဇဝင်အခြေခံထားသော စိတ်ဝင်စားဖွယ်ဇာတ်ဝင်ခန်းများ ပါဝင်ရာ ပရိသတ်စိတ်အာရုံကို ဆွဲဆောင်ထားနိုင်မည့် ရုပ်ရှင်ကား ဖြစ်သည်။

ဇာတ်လမ်းမှာ ဟိုက်ဘာရီးယားခေတ်က စီမာရီးယန်းလူမျိုးစုဝင် လူငယ်တစ်ဦးက သူ့ဖခင်အားသတ်သွားသည့် စစ်ဘုရင်တစ်ဦးအား အခက်အခဲများဖြတ်ကျော်ကာ လိုက်လံသတ်ဖြတ်ပုံ၊ လမ်းခရီး၌မိန်းမလှတစ်ဦး ဖြစ်သည့် တာမားရားနှင့်ဆုံစည်းခဲ့ကြပုံ၊ ကြောက်စရာကောင်းသောသတ္တဝါကြီးများ၊ တန်ခိုးအစွမ်းထက်သော စုန်းမဖြစ်သည့် မာရစ်နှင့်တွေ့ဆုံတိုက်ခိုက်ကြပုံများကို သည်းထိတ်ရင်ဖို ကြည့်ရှုခံစားကြရမည့် ဇာတ်ကားကောင်းပင် ဖြစ်သည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် မြန်မာဇာတ်ကား အငိုမျက်လုံး အပြုံးမျက်နှာ ရုပ်ရှင်ဇာတ်ကား ဆက်လက်ပြသနေရာ မအားလပ်၍မကြည့်ရသေးသည့်ပရိသတ်များအတွက် ယခုသီတင်းပတ်၌ ကြည့်ရှုခွင့်ရကြဦးမည်ဖြစ်သည်။ မြန်မာ့အငြိမ့်လောက၊ လူရွှင်တော်များဘဝနှင့် မောင်နှမ သံယောဇဉ်ကြီးမားမှုများကို ရင်နင့်ဖွယ်ရာ မြင်တွေ့ရမည့် ဇာတ်ကားဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် နိုင်ငံခြားဇာတ်ကားဖြစ်သည့် CAPTAIN AMERICA ရုပ်ရှင်ဇာတ်ကား ဆက်လက်ပြသနေဆဲ ဖြစ်ပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ (မြန်မာ့အလင်း)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်ငူခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် စက်တင်ဘာ ၂၀ ရက်တွင် တောင်ငူခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်၍ ကြည့်ရှုအားပေးရာ ရှေးဦးစွာ တောင်ငူမြို့ အမှတ်(၆) ပြည်သူများနှင့် တောင်ငူမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ အားပေးစကား ပြောကြားခဲ့သည်။

တောင်ငူခရိုင်အတွင်း တောင်ငူမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း၌ ကြောင်း သိရှိရသည်။ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် Sky Net ရုပ်သံလိုင်းနှင့် ရွှေ FM တို့ ပူးပေါင်း၍ ဆန်အိတ် ၁၅၀၀၊ ကြက်သွန်၊ အာလူးနှင့် ကုလားပဲ ပိဿာ ၆၀၀၀စီနှင့် ဆီ ၂၂၂ ပိဿာတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

အခြေခံပညာ အထက်တန်းကျောင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် မိုးကောင်းကျေးရွာအုပ်စု ကချောင်းကျေးရွာ မင်္ဂလာစေတီကျောင်း၌ ရေဘေးသင့် ပြည်သူများ၊ ရှမ်းစုကြီး ကျေးရွာအုပ်စု ပေါက်တောကျေးရွာ စကားဘုန်းကြီးကျောင်းရှိ ရေဘေးသင့် အိမ်ထောင်စု ၂၃၅စု လူဦးရေ ၁၀၁၄ဦး၊ ကချောင်းကျေးရွာ မင်္ဂလာစေတီဘုန်းကြီးကျောင်း၌ အိမ်ထောင်စု ၉၀ လူဦးရေ ၃၉၇ ဦး၊ ပေါက်တောကျေးရွာ စကားဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်း၌ အိမ်ထောင်စု ၈၁ စု လူဦးရေ ၃၁၃ ဦး၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ကယ်ဆယ်ရေးစခန်း၌ အိမ်ထောင်စု ၁၀၀ လူဦးရေ ၃၆၃ ဦးရှိ

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ရေ လျှံမှုကြောင့် ရေလွှတ်တောင်ယာကုန်းမြင့်၌ ခေတ္တပြောင်းရွှေ့နေထိုင်ကြသည့် ရွှေသောင်ကျေးရွာ ပြည်သူများအား တွေ့ဆုံကာ **(အပေါ်ပုံ)** စစ်တောင်းမြစ်ရေ ကျသွားပြီဖြစ်၍ မိမိတို့ကျေးရွာသို့ ပြန်လည်နေထိုင်နိုင်ပြီဖြစ်ကြောင်း၊ ရေကျ၍သောင်များပေါ်ထွန်းလာပါက ညီတူမျှတူခွဲဝေ၍ ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ကျေးရွာလူထုအနေဖြင့် ကျန်းမာရေးကိုလည်း အထူးဂရုပြုကြရန်လိုကြောင်း၊ ယာယီအခက်အခဲများကို အစိုးရနှင့် ပြည်သူလက်တွဲ၍ ပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ဖြင့် ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင်များလှူဒါန်းသော ဆန်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ၊ အာလူးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကလှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းမျိုးစုံကို ပေးအပ်သည်။

ထို့နောက် အုတ်တွင်းမြို့သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား မိမိမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်နှင့် ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်လာပါက အချိန်နှင့် တစ်ပြေးညီ သွားရောက်ကူညီပေးရန် မှာကြားကာ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် ၁၀ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ယင်းနောက် ဖြူးမြို့သို့ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဖြူးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေ ဝင်ရောက်မှုကြောင့် အုတ်ဖြတ်၊ ပန်းလောင်၊ ကညင်ဒိုင်း၊ မိတ်သလင်၊ မြပဲခူး၊ ကင်ပွန်းခြုံ၊ သစ်ခြောက်ခင်း ကျေးရွာအုပ်စု ခုနစ်ခု ကျေးရွာ ၂၂ရွာရှိ အိမ်ထောင်စု ၈၂၃စု၊ လူဦးရေ ၃၄၆၂ ဦးတို့အား လှူဒါန်းပစ္စည်းများ လှူဒါန်းမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့(အထက-၅) အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၁

မိတ္ထီလာမြို့ တွဲဖက်အလကမှသည် အထက(၅)သို့တိုင်အောင် သင်ကြားပြသခဲ့သော ဆရာ ဆရာမများနှင့် စေတနာနေ့ကျောင်း (ရှမ်းတဲ)မှ သင်ကြားပြသခဲ့သည့် တပ်မတော်(လေ)တပ်မှ ဆရာကြီးများအား အောက်တိုဘာ ၁၅ ရက် (သီတင်းကျွတ် လပြည့်ကျော် ၃ ရက်)တွင် အဆိုပါကျောင်း၌ အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်၍ အထက(၅)နှင့် စေတနာနေ့ကျောင်း(ရှမ်းတဲ)တို့၌ ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုပါက အထက(၅) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်လှ ဖုန်း-၀၉-၄၃၀-၃၅၁၆၃၊ ဦးအောင်မြင့်(မိတ္ထီလာ) ဖုန်း-၀၉-၂၂၀၁၄၈၉၊ ဦးနေမျိုးထွန်း (ရန်ကုန်) ဖုန်း-၀၉-၅၁၁၈၂၂၉၊ ဦးအောင်မင်းထွေး (မန္တလေး) ဖုန်း-၀၉-၉၁၀၀၁၇၅၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၉-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ကိုယ့်အခြေအနေ ကိုယ်သိပါ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၆:၃၅	အခိဋ္ဌာန်ပြုကာ ဆုတောင်းမည် ဦးရာဇ်တော်စေတီ
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ**(အပိုင်း-၁၃၄)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၆)
၈:၅၀	Activities in the City အပြည်ပြည်ဆိုင်ရာခြင်းလုံး နည်းပြနှင့် ဒိုင်လူကြီးသင်တန်း (၁/၂၀၁၁)ဖွင့်ပွဲ အခမ်းအနား
၉:၁၀	လိမ္မာယဉ်ကျေး…သင်ကြားပေး အောင်ပရဟိတပညာရေး
၉:၂၀	Activities in the City -ရန်ကုန်စီးပွားရေးတက္ကသိုလ် သစ်ပင်စိုက်ပျိုးပွဲနှင့် ဝါဆိုသင်္ကန်းလှူဒါန်းပွဲ ဝါဆိုသင်္ကန်းကပ်လှူပွဲ အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)
၉:၃၅	Intellectual Talk (Urbanization in Myanmar) (Part-1)
၁၀:၂၅	ရန်ကုန်မြင်ကွင်းကျယ် Shine သွားတိုက်ဆေး ကျပ်သိန်း (၅၀၀)ကံထူးရှင် ရွေးချယ်ပွဲ
၁၀:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၁၀	The Champion of Dance
၁၁:၃၀	ရန်ကုန်မြင်ကွင်းကျယ် (Revlon Glamour, Excitement, Innovation)
၁၁:၅၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၂၀	ကယ်တင်ကြစို့ တို့ကမ္ဘာ
၁၂:၃၅	အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၄)ကြိမ်မြောက် အဘိဓမ္မာ စာတော်ပြန်ပွဲ
၁:၀၀	**ကိုယ့်အခြေအနေ ကိုယ်သိပါ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၁:၅၀	ကံကူထွင့်ခေါင် ပိတ်ချင်းမြောင်
၂:၀၀	MRTV-4 သတင်း
၂:၂၀	Quiz Idol
၃:၀၅	ပြီးပြည့်စုံသော အလှတရားတို့အတွက် Fancy House Hair, Beauty and Nail SPA
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၁၃၄)
၄:၀၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၆)
၅:၀၅	The Excellent Mandalay Expo
၅:၂၀	Activities in the City (Ampharco USA ကုမ္ပဏီမှ ထုတ်လုပ်ပြီး DKSHမှ ဖြန့်ချိမည့် ဆေးဝါးအသစ်မိတ်ဆက်ပွဲ)
၅:၃၀	ဓာတ်ပုံထဲမှ အမှတ်တရများ (ခွန်းဆင့်နေခြည်)
၅:၅၅	Yangon Life Style Furniture Fair ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ
၆:၀၀	MRTV -4 သတင်း
၆:၂၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၁၃၅)
၇:၀၅	Style ရှိမှ Star ဖြစ်မယ်
၈:၀၀	MRTV -4 သတင်း
၈:၃၀	**စကားနပန်း** (ကြောက်တတ်တာကောင်းတယ်၊ မကြောက်တတ်တာကောင်းတယ်)
၉:၃၀	MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၇)
၁၀:၂၀	အနုပညာမိုးကောင်းကင်
၁၀:၄၀	အားကစားမြင်ကွင်းစုံ
၁၁:၀၅	ရွှေနန်းဆန်ဆန် ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဌာန်
၁၁:၃၀	ဂီတသရုပ်ပြခန်း (ဆောင်းဦးလှိုင်)
၁၂:၀၀	ရလဒ်ကောင်းများနှင့် Organic
၁၂:၁၅	လှပ်ရှားစုံစုံ မြန်မာ့သုခုမဇာတ်ခုံ (သစ္စာမေတ္တာ ရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၁)
၁၂:၄၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကျောက်ငါးသုတေသန သားဖောက်လုပ်ငန်း)
၁၂:၅၅	Celebrity Profile (Avirl Lavigne)
၁:၃၀	ရှောင်လေဝေးဝေးအရက်ဘေး
၁:၄၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ခင်သီတာအုန်း)
၂:၁၀	တန်ဖိုးရှိသော ဝါးပင်လေးများမှသည်…
၂:၂၅	လှပသစ်ဆန်း အလှပြင်ခန်း (Expression)
၂:၄၅	**အသိစိတ်ကလေး အရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဥယျာဉ်ကမ္ဘာ
၄:၁၅	စွဲမက်ဖွယ်ရာ ရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁)
၄:၄၅	သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
၄:၅၀	ဖုးမြော်မဝပြီ ဖိုးဦးတောင်စေတီ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ဗြိတိန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Andrew Richard Heyn သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား (၂၆)မြို့နယ် အသက်(၁၉)နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်

နေပြည်တော် စက်တင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် စက်တင်ဘာ ၂၀ရက် ညနေ ၃နာရီခွဲတွင် ပုသိမ်မြို့ ဧရာဝတီယူနိုက်တက် FC ဘောလုံးကွင်း၌ ကျင်းပသော ၂၀၁၁ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၂၆)မြို့နယ် အသက်(၁၉)နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ အဖွင့်ပွဲစဉ်အနေဖြင့် ပုသိမ်မြို့နယ်အသင်းနှင့် ရေကြည်မြို့နယ်အသင်းတို့ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

၂၀၁၁ခုနှစ် တရုတ် - အာဆီယံအမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ မြန်မာအမျိုးသားဘတ်စကက်ဘောအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၂၁

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်နေသော မြန်မာအမျိုးသား ဘတ်စကက်ဘောအသင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပိုင်ဆဲ့မြို့၌ အောက်တိုဘာ ၂၅ ရက်မှ ၃၁ရက်အထိကျင်းပမည့် တရုတ်-အာဆီယံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး 2012 China - Asean Ball Games Preparatory Conference သို့လည်း မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးထင်လင်းပြည့်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဒေါ်ဥမ္မာအောင်တို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အငှမအကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကူးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၁

၂၀၁၁ ခုနှစ် အငှမအကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် မီတာ ၄၀၀၊ မီတာ ၂၀၀၊ မီတာ ၁၀၀ နှင့် မီတာ ၅၀ အမျိုးသား/အမျိုးသမီး အလွတ်ကူးပြိုင်ပွဲများ၊ မီတာ ၂၀၀၊ မီတာ ၁၀၀ နှင့် မီတာ ၅၀ အမျိုးသား/အမျိုးသမီး ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲနှင့် လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၂၀၀ နှင့် မီတာ ၄၀၀ အမျိုးသား/အမျိုးသမီး တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ၊ မီတာ(၁၀၀×၄)၊ မီတာ(၅၀×၄) အမျိုးသား/အမျိုးသမီး လွှန်းပြန်အလွတ်ကူးပြိုင်ပွဲနှင့် မီတာ(၁၀၀×၄) အမျိုးသား/အမျိုးသမီး လွှန်းပြန်လေးမျိုးကူးပြိုင်ပွဲ စုစုပေါင်းပြိုင်ပွဲ အမျိုးအစား (၁၈)မျိုး ပါဝင်မည်ဖြစ်ပြီး မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဟောပြောမည်

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)က ကြီးမှူးကျင်းပသော စဉ်ဆက်မပြတ် သွားဘက်ဆိုင်ရာ ဆေးပညာဟောပြောပွဲ အစီအစဉ်အရ စက်တင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာဆရာဝန်အသင်းခန်းမ၌ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ကာကွယ်ရေးနှင့်လူထုသွား ကျန်းမာရေးပညာဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာစောထွန်းအောင်နှင့် သွားဖုံးရောဂါကုဆေးပညာဌာန ကထိက ဒေါက်တာ အောင်ကျော်ဦးတို့က သွားရောဂါအကြောင်းသိကောင်းစရာများကို ဟောပြောမည်ဖြစ်သည်။

တက်ရောက်နိုင်

စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သွားဘက်ဆိုင်ရာဆရာဝန်အသင်း)

တောင်သူလယ်သမားအဖွဲ့ အစည်းတစ်ရပ် ထူထောင်ရာတွင် ပြည်တွင်းပြည်ပအတွေ့ အကြုံများ၊ အတိတ်သင်ခန်းစာများကို လေ့လာဖော်ထုတ်ပြီး မိမိနိုင်ငံနှင့် လူမျိုးအတွက် အနာဂတ်တွင် အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်သွားကြရမည်

❒ *ကျောဖုံးမှ*

ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်အနေဖြင့် ဖြေကြားသွားမည်ဖြစ်ပါကြောင်း။

ကူညီဆောင်ရွက်မည်

တောင်သူလယ်သမားများသည် မိမိတို့နိုင်ငံ လူဦးရေစုစုပေါင်း၏ (၇၀) ရာခိုင်နှုန်းသော ပြည်သူများဖြစ်ကြပြီး နိုင်ငံ၏ အဓိကအင်အားစုများဖြစ်ကြပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးအတွက် အဓိကကျသည့် ကုန်ထုတ်စွမ်းအားစုများလည်း ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃ တွင် ''နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်၊ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်'' ဟူ၍ ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ တောင်သူလယ်သမားများ၏ အခွင့်အရေးကို ဖော်ဆောင်ပေးနိုင်အောင်၊ ကာကွယ်စောင့်ရှောက်ပေးနိုင်အောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံထောင့်စုံက ဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများထုတ်လုပ်သည့် သီးနှံများသင့်တင့်မျှတသည့် ဈေးနှုန်းများရအောင်လည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အလားတူ တောင်သူလယ်သမားများ၏ အသိဗဟုသုတမြင့်မားရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ထို့အတူ တောင်သူလယ်သမားများအတွင်း ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် အချင်းချင်းစိတ်ဝမ်းကွဲပြီး ကျေးရွာများအတွင်း၊ ရပ်ကွက်များအတွင်း၊ နိုင်ငံတော်အတွင်း စည်းလုံးညီညွတ်မှုပျက်ပြားသည့် အခြေအနေမျိုးမရောက်အောင်လည်း ကာကွယ်တားဆီး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအတွင်း တောင်သူလယ်သမားများ၏အကျိုး၊ အမျိုးသားရေးအကျိုး၊ အမျိုးသားအကျိုးစီးပွားကို အခြေခံသည့် အယူအဆ၊ အတွေးအခေါ်၊ စိတ်နေစိတ်ထား၊ ခံယူချက်များ မြင့်မားပေါ်ပေါက်နေအောင်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လယ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖော်ဆောင်ပေးရန်အတွက် လယ်သမားအဖွဲ့အစည်း ဖွဲ့စည်းထူထောင်ရေးသည်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

ထပ်မံဖွဲ့စည်း

အတိတ်ဖြစ်စဉ်များကိုပြန်ကြည့်ပါက ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီအသီးသီးသည် ကိုယ်ပိုင်လယ်သမားအစည်းအရုံးများ အပြိုင်အဆိုင်ဖွဲ့စည်းစည်းရုံးဆောင်ရွက်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ သခင်သန်းထွန်း၊ သခင်စိုးတို့ဦးစီးသည့် ကွန်မြူနစ်များကလည်း တောင်သူလယ်သမားသမဂ္ဂများ ထူထောင်ခဲ့ပါကြောင်း၊ ၎င်းတို့တောခိုသွားပြီးနောက်တွင်လည်း ၎င်းတို့ စိုးမိုးသည့်နယ်မြေများတွင် တောင်သူလယ်သမားသမဂ္ဂများဖွဲ့ပြီး လယ်ယာမြေသိမ်းဆည်းရေးနှင့် ဝေခြမ်းရေးလုပ်ခဲ့သည်များကိုလည်း တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ အာဏာရ ဖဆပလ ပါတီက ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး(ဗတလစ) ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်နည်းတူ ဖဆပလအတွင်း ပါဝင်ခဲ့သည့် ဆိုရှယ်လစ်ပါတီမှ ဆိုရှယ်နီများကွဲထွက်ပြီးနောက် ဆိုရှယ်နီများက ပြည်သူ့အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု (ပမညတ)ဆိုသည်ကို ဖွဲ့ခဲ့ပါကြောင်း၊ ၎င်းပမညတကလည်း တောင်သူလယ်သမားညီညွတ်ရေးအစည်းအရုံး (မြန်မာနိုင်ငံ) **United Peasant Organization (Burma) (UPO-B)** ဟူ၍ ထပ်မံဖွဲ့စည်းဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

၎င်းနောက် အာဏာရ ဖဆပလပါတီအတွင်း တည်မြဲ-သန့်ရှင်းကွဲသည့်အခါ ဖဆပလက ဖွဲ့စည်းခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး (ဗတလစ) နှစ်ခြမ်းကွဲခဲ့ပါကြောင်း၊ ဗဟို၌ နှစ်ခြမ်းကွဲသကဲ့သို့ ခရိုင်/မြို့နယ်အဆင့် ဖွဲ့စည်းထားသည့် ဗတလစများလည်း ကွဲခဲ့ပါကြောင်း၊ ထိုအကျိုးဆက်အဖြစ် အချင်းချင်းသွေးထွက်သံယို ပဋိပက္ခများအထိ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိကြရပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများနှင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည့်အတွက် တောင်သူလယ်သမားအရေး၊ တောင်သူလယ်သမားများ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှုအားနည်းခဲ့ပြီး တောင်သူလယ်သမားများအတွင်း၌ စည်းလုံးမှုပျက်ပြားခြင်း၊ သဘောထားကွဲပြားခြင်းများကိုသာ ဖြစ်ပေါ်စေခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့နောက် လမ်းစဉ်ပါတီလက်ထက်တွင် တောင်သူလယ်သမားထုကြီးတစ်ရပ်လုံးအတွက် တစုတစည်းတည်း စည်းလုံးညီညွတ်သော တောင်သူလယ်သမား အစည်းအရုံး ဖွဲ့စည်းဆောင်ရွက်ခဲ့သော်လည်း ဗဟိုချုပ်ကိုင်မှုလွန်ကဲခြင်းနှင့် အခြားသောအားနည်းချက်များကြောင့် တောင်သူလယ်သမားများ၏အကျိုးနှင့် လိုအပ်ချက်များကို ဖော်ဆောင်ပေးနိုင်မှု အားနည်းခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ပါလီမန်ဒီမိုကရေစီခေတ်တွင် တောင်သူလယ်သမားများအတွင်း တင်ပြပါအတိုင်း အကွဲကွဲအပြဲပြဲဖြစ်ခဲ့သကဲ့သို့ အခြားသောအလုပ်သမားလူတန်းစားနှင့် ကျောင်းသားထုအတွင်းတွင်လည်း အလားတူကွဲပြဲမှုများဖြစ်ခဲ့သည်ကို တွေ့ရမည် ဖြစ်ပါကြောင်း၊ အလုပ်သမားထုအတွင်း အခြေအနေကိုကြည့်မည်ဆိုပါက သခင်သန်းထွန်း၊ သခင်စိုးတို့ဦးစီးသည့် ကွန်မြူနစ်များကလည်း အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ၎င်းတို့တောခိုပြီးသည့်နောက်ပိုင်းတွင်လည်း ၎င်းတို့ဖွဲ့စည်းထားသည့် အလုပ်သမားသမဂ္ဂများကို လှုံ့ဆော်ညွှန်ကြားပြီး မြေပေါ်ဆူပူအုံကြွမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ အလားတူ အာဏာရဖဆပလအစိုးရကလည်း **Trade Union Congress Burma (TUCB)** ဟူသည့် အလုပ်သမားသမဂ္ဂများကွန်ဂရက်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ ပမညတကလည်း **TUCB** ၏ ပြောင်းပြန် **BTUC (Burma Trade Union Congress)** ဟူ၍ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထို့နောက် ဖဆပလအဖွဲ့ကြီး သန့်ရှင်း တည်မြဲကွဲသည့်အခါ **TUCB** က တည်မြဲနှင့်အတူ ကျန်ရစ်ခဲ့ပါကြောင်း၊ ထို့ကြောင့် သန့်ရှင်းအဖွဲ့များက **Union Labour Organization (ULO)** ဟူ၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် အလုပ်သမားများအတွင်း စည်းလုံးညီညွတ်မှုပျက်ပြားခဲ့သည့် အနေအထားကို တွေ့ရမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းဆောင်ရွက်

တစ်ဖန် ကျောင်းသားထုအတွင်းကို ကြည့်မည်ဆိုလျှင်လည်း လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ၁၉၃၀ ပြည့်နှစ်ခန့်မှစ၍ တိုင်းပြည်၏လွတ်လပ်ရေးကို ဖော်ဆောင်နိုင်ရန်အတွက် ရန်ကုန်တက္ကသိုလ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ (တကသ) ကို ဖွဲ့စည်းထူထောင်လှုပ်ရှားခဲ့ကြပါကြောင်း၊ ထို့ပြင် ဒုတိယကမ္ဘာစစ်ပြီးနောက် လွတ်လပ်ရေးကြိုးပမ်းမှုအရှိန်အဟုန်ပိုမြင့်လာသည့်အခါ တကသ သာမက ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ(ဗကသ)ကို ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထို့မှ့မက ရန်ကုန်ခရိုင်ကျောင်းသားများသမဂ္ဂ(ရကသ)ဟူ၍လည်း ဖွဲ့စည်းခဲ့ကြပါကြောင်း၊ ၎င်းနောက်တွင်မူ မြန်မာနိုင်ငံအနှံ့ ခရိုင်၊ မြို့နယ်များတွင်လည်း ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါကြောင်း။

ပြန်လည်ဖြေကြား

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အကောင်းဆုံးဖြစ်အောင်

လွတ်လပ်ရေးရခါနီးနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နိုင်ငံရေးသမားများအနေဖြင့် ၎င်းတို့၏အင်အားရရှိရေးနှင့် လိုအပ်သလိုအသုံးပြုနိုင်ရေးအတွက် ကျောင်းသားထုအတွင်း ဝင်ရောက်စည်းရုံးဆောင်ရွက်ခဲ့ကြသည်များကိုလည်း တွေ့ရပါကြောင်း၊ သခင်သန်းထွန်းဦးစီးသည့် ဗကသက ကျောင်းသားတပ်ဦးဟူ၍လည်းကောင်း၊ သခင်စိုးဦးစီးသည့် ဗကသကလည်း ကျောင်းသားတပ်ဦးသစ်ဟူ၍လည်းကောင်း၊ ဦးကျော်ငြိမ်း၏ ဖဆပလက **(DSO-Democratic Student Organization)** ကျောင်းသားရဲခေါင်အဖွဲ့ဟူ၍လည်းကောင်း ဖွဲ့စည်းလှုပ်ရှားခဲ့ကြပါကြောင်း၊ ထို့အတူ ပမညတကလည်း ဗကသများအဖွဲ့ချုပ်ဟုဖွဲ့စည်းပြီး စည်းရုံးလှုပ်ရှား ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ လူထုလူတန်းစားအဖွဲ့

မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဦး မေးမြန်းစဉ်။ (သတင်းစဉ်)

တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဆွေ အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

အစည်းများ ဖွဲ့စည်းဆောင်ရွက်ကြမည်ဆိုပါက အတိတ်ကသင်ခန်းစာများကိုရယူပြီး အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်သွားရန်လိုအပ်မည် ဖြစ်ပါကြောင်း။

လေ့လာသုံးသပ်

ကမ္ဘာ့အရပ်ရပ်၏ အခြေအနေများကို လေ့လာသုံးသပ်ပါကလည်း အမေရိကန်နိုင်ငံတွင် လယ်သမားများအနေဖြင့် ဒေသအလိုက်ဖွဲ့စည်းမှု၊ ဥပမာ- တက္ကဆက်ပြည်နယ် လယ်သမားအဖွဲ့ဟူ၍ ဖွဲ့ခြင်းမျိုးရှိသကဲ့သို့ စိုက်ပျိုးသီးနှံအလိုက် ဖွဲ့စည်းမှု၊ ဥပမာ- ပြောင်းစိုက်ပျိုးသူများအသင်း **National Corn Grower Association** ဟူ၍ ဖွဲ့စည်းဆောင်ရွက်ခြင်းမျိုးလည်း တွေ့ရပါကြောင်း၊ ထို့ပြင် **American Farmers Association** ဟူ၍လည်း ဖွဲ့စည်းဆောင်ရွက်ပြီး လယ်သမားများ၏ အကျိုးအတွက် အထောက်အပံ့ပြုရေး၊ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး၊ လိုအပ်သည့်ဥပဒေများ ပေါ်ထွန်းလာရေးတို့ကို ဆောင်ရွက်ပေးသည်ဟု သိရှိရပါကြောင်း၊ အလားတူ ဩစတြေးလျနိုင်ငံတွင်လည်း **National Farmers Federation (NFF)** ကို ဖွဲ့စည်းပြီး လယ်သမားမူဝါဒများချမှတ်ရေး၊ လယ်သမားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် ဥပဒေပြုရေးများကို ဆောင်ရွက်သည်ဟု သိရပါကြောင်း၊ ဆွီဒင်နိုင်ငံတွင်မူ **Federation of Swedish Farmers** ဟူသည့် **NGO** အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်မူဝါဒများနှင့် ဥပဒေများ ပေါ်ပေါက်ရေး၊ လယ်သမားများကို နည်းပညာအရင်းအနှီး ကူညီပံ့ပိုးမှုပေးရေးများကို ဆောင်ရွက်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် **Thai Farmers Association(TFA)** နှင့် **Farmers Federation of Thailand** ဟူ၍ အဖွဲ့နှစ်ဖွဲ့ရှိသည်ကိုလည်း တွေ့ရပါကြောင်း၊ မလေးရှားနိုင်ငံတွင် **National Farmers Association (NAFAS)** ကို **Farmers Association Act(1967)** နှင့် **Farmers Association Act(1973)** တို့အရ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ထိုထိုသော ဆောင်ရွက်မှုများကိုပင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်စဉ်းစားပြီး ဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် တောင်သူလယ်သမားအဖွဲ့အစည်းတစ်ရပ် ထူထောင်ရာတွင် ပြည်တွင်းပြည်ပအတွေ့အကြုံများ၊ အတိတ်သင်ခန်းစာများကို လေ့လာဖော်ထုတ်ပြီး မိမိနိုင်ငံနှင့်လူမျိုးအတွက် အနာဂတ်တွင် အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းတွင်ဖြစ်ပျက်ခဲ့သည့် တောင်သူလယ်သမား၊ အလုပ်သမား၊ ကျောင်းသားကိုယ်စားပြုအဖွဲ့အစည်းများ၏ အကွဲအပြဲမျိုး၊ နိုင်ငံရေးသမားများ၏ အသုံးချခံဖြစ်ခဲ့ရသည့် အခြေအနေမျိုးများ ထပ်မံမကြုံတွေ့ရအောင် စနစ်တကျ စီမံဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ အမှန်တကယ် တောင်သူလယ်သမား၏ အကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့်၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မည့်၊ တောင်သူလယ်သမားများ၏ အသိပညာ လူ့စွမ်းအားအရင်းအမြစ်များကို မြှင့်တင်ဖော်ဆောင်ပေးနိုင်သည့် အဖွဲ့အစည်းမျိုးသာ ဖြစ်သင့်သည်ဟု ယူဆပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် တောင်သူလယ်သမားကိုယ်စားပြုအဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းရေးအတွက် မိမိနိုင်ငံ၏ အတိတ်သမိုင်းအတွေ့အကြုံ၊ ယနေ့နိုင်ငံနှင့်ပြည်သူ၏ ပကတိအရှိတရားအခြေအနေ၊ အခြားနိုင်ငံများ၏ ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေ အားသာချက်၊ အားနည်းချက်များကို အသေးစိတ်သုံးသပ်ပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ ရေရှည်အနာဂတ်အကျိုးစီးပွားအတွက် ခိုင်မာပြည့်စုံအောင် လေ့လာသုံးသပ်ညှိနှိုင်းပြီး လိုအပ်သည့်ဥပဒေများ စတင်ရေးဆွဲခြင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှတ်တော်သို့ တင်ပြပြီး အတည်ပြုပြဋ္ဌာန်းခြင်း၊ ပြဋ္ဌာန်းလိုက်သည့် ဥပဒေနှင့်အညီ တောင်သူ လယ်သမားကိုယ်စားပြု အဖွဲ့အစည်းများဖွဲ့စည်းခြင်း စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် ဥပဒေပြဋ္ဌာန်းပြီးချိန်တွင် ၎င်းဥပဒေနှင့်အညီ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဘဏ်ခွဲဖွင့်လှစ်

မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏ **ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများနှင့် ပုဂ္ဂလိကစက်ရုံအလုပ်ရုံများ၊ ဌာနဆိုင်ရာများ တည်ရှိလျက်ရှိရာ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ လျင်မြန်ချောမွေ့စေရန်အတွက် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက မင်္ဂလာဒုံမြို့နယ်တွင် ပုဂ္ဂလိကလုပ်ငန်းကြီးများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ပင်စင်စားပုဂ္ဂိုလ်အများအပြားရှိနေသောကြောင့် ဘဏ်ခွဲတစ်ခုဖွင့်လှစ်ရန် အမှန်တကယ်လိုအပ်လျက်ရှိပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ် အင်းစိန်ဘဏ်ခွဲသည် အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်(၂)ထပ်အဆောက်အအုံ၏ အောက်ထပ်တွင် အခန်း(၂)ခန်းကို ဘဏ်ခွဲဖွင့်လှစ်လျက်ရှိရာ ဝန်ထမ်းဦးရေ(၉၆)ဦးဖြင့် လုပ်ငန်းဆောင်ရွက်ရသည့်အတွက် ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်စွာဆောင်ရွက်ရန် နေရာကျဉ်းကျပ်မှုဖြစ်ပေါ်လျက်ရှိပါကြောင်း။

စီစဉ်ဆောင်ရွက်

ထို့ပြင် အင်းစိန်ဘဏ်ခွဲတွင် ပင်စင်လစာထုတ်ယူသော အငြိမ်းစားဦးရေ (၃၄၁၄၈)ဦးရှိသည့်အနက် မင်္ဂလာဒုံမြို့နယ်အတွင်းမှ ပင်စင်လစာလာရောက်ထုတ်ယူသူ အငြိမ်းစားဦးရေ(၈၆၀၀)ကျော်ရှိသဖြင့် သက်ကြီးရွယ်အိုပင်စင်စားများအတွက် သွားလာရလွယ်ကူစေရန်၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘဏ်နှင့်ဆက်သွယ်၍ ငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်လိုသူများအတွက် လွယ်ကူစေရန်နှင့် အင်းစိန်ဘဏ်ခွဲအနေဖြင့်လည်း ဘဏ်လုပ်ငန်းများဆောင်ရွက်မှုတွင် ပိုမိုလျင်မြန်စွာဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ပြီး မင်္ဂလာဒုံမြို့နယ်အတွင်း မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲတစ်ခုဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း။

သို့ရာတွင် မင်္ဂလာဒုံမြို့နယ်အတွင်း ဘဏ်ခွဲဖွင့်လှစ်ရန် သင့်တော်သောနေရာကို ရှာဖွေခဲ့ရာ မင်္ဂလာဒုံဈေးလမ်းရှိ တပ်မတော်ပိုင်(၂)ခန်းတွဲ အဆောက်အအုံ၏ လစ်လပ်နေသောအခန်း(၁)ခန်းသာ တွေ့ရှိရသဖြင့် အခြားသင့်တော်သည့်နေရာကို ထပ်မံရှာဖွေစေခဲ့ပါကြောင်း၊ ယခုအခါ မင်္ဂလာဒုံဘဏ်ခွဲအတွက် မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီးပေါ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေး ရုံးတို့အကြားတွင် ပေ(၁၀၀)ပတ်လည်မြေကွက်အား ရရှိပြီးဖြစ်သဖြင့် ဘဏ်ခွဲအဆောက်အအုံ ဆောက်လုပ်ပြီး ဘဏ်ခွဲဖွင့်လှစ်ရန်ရည်ရွယ်ထားပါကြောင်း၊ သို့ဖြစ်၍ မင်္ဂလာဒုံမြို့နယ်ဘဏ်ခွဲ ဖွင့်လှစ်ခွင့်အတွက် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဘဏ်ခွဲအဆောက်အအုံဆောက်လုပ်ရန် အစီအစဉ်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကိုမေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

တိုးတက်တည်ဆောက်

ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်၏ **မြဝတီ-ကော့ကရိတ်-ဘားအံ လမ်းမကြီးပေါ်ရှိ အောက်ဘိုတဲမှ နဘူး-ထန်းတပင်-တာပေါင်-ထီးလုံလမ်း (၅၄)မိုင်(၂)ဖာလုံ ပြီးစီးသွားပါက မြဝတီ-ကော့ကရိတ်-ဘားအံ လမ်းမကြီးနှင့်အပြိုင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကြီးတစ်ခု ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဆိုပါလမ်းအား အမြန်ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်အတွင်းရှိ ထီးလုံ-တာပေါင်-ပတ-နဘူး-အောက်ဘိုတဲ လမ်းပိုင်းသည် အရှည် (၅၄)မိုင် (၂)ဖာလုံရှိပြီး ဘားအံ-ကော့ကရိတ်-မြဝတီလမ်း၏ လမ်းအူကြောင်းအသစ်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်သည့် မြေသားလမ်း တာပေါင် အကျယ် (၃၄)ပေမှ (၁၆)ပေ အကျယ် အမာခံလမ်းအဖြစ် တိုးတက်တည်ဆောက်မည် ဖြစ်ပါကြောင်း။

ဘားအံ-လှိုင်းဘွဲလမ်းပေါ်ရှိ ထီးလုံရွာမှ ကော့ပေါ့အင်း၊ လှိုင်းဘွဲချောင်း၊ ပတချောင်း၊ နဘူးချောင်းတို့ကို ဖြတ်ကျော်၍ ဘားအံ-ကော့ကရိတ်-မြဝတီလမ်းပေါ်ရှိ အောက်ဘိုတဲသို့ ဆက်သွယ်ထားသောလမ်းသစ်ဖြစ်ပါကြောင်း၊ လမ်းအူကြောင်းအသစ် ဖြစ်သည့်အတွက် လမ်းအူကြောင်းရှာဖွေခြင်း၊ လမ်းတိုင်းတာ ပုံထုတ်ခြင်း၊ သတ်မှတ်ခံနိုင်ဝန်အား ထမ်းဆောင်နိုင်မည့် လမ်းလွှာပုံစံထုတ်ခြင်း၊ တောရှင်းခြင်းမှစ၍ မြေသားတာပေါင်တင်ခြင်း၊ တံတားနှင့်ရေပြွန်များတည်ဆောက်ခြင်း၊ အမာခံလမ်းကျောက်ခင်းခြင်း စသည့်လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

22-9 (06).pmd 1 9/22/2011, 2:29 AM

စာမျက်နှာ ၆ မှ

ထီလုံ-တာပေါင်-ပတ-အောက်ဘိုတဲလမ်းပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက (၈)မိုင်တာဝန်ယူဆောင်ရွက်ပြီး စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် လမ်း၊ တံတားတည်ဆောက်ရေး ပုဂ္ဂလိကကုမ္ပဏီ(၆)ခုက (၄၆)မိုင်(၂)ဖာလုံကို စက်ယာဉ်ယန္တရားအင်အား၊ လုပ်သားအင်အားပြည့်စုံစွာနှင့် ဝင်ရောက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလမ်းပိုင်း၏ လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများတင်ပြတောင်းခံပြီး လုပ်ငန်းများကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဖယ်ရှားရှင်းလင်း

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ **ရန်ကုန်မြို့နှင့် ဆက်သွယ်နိုင်သည့် နယ်စပ်ဝင်ပေါက်များအနက် မြဝတီ-ဘားအံ-ရန်ကုန်လမ်းသည် အတိုဆုံးလမ်းဖြစ်ပါကြောင်း၊ မြဝတီ-ဘားအံ ခန့်မှန်းမိုင်(၁၁၀)မှာမူ ယခုမိုးတွင်းကာလ၌ ပို၍ပင်အခြေအနေဆိုးသောကြောင့် မြဝတီ-ဘားအံလမ်းပိုင်းအား မည်သည့်ကုမ္ပဏီ(သို့မဟုတ်) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်နေသည်၊ ဘီအိုတီစနစ်ဖြစ်ပါက စီမံကိန်းစတင်ချိန်နှင့်ပြီးဆုံးချိန်၊ နှစ်စဉ်လုပ်ငန်းပြီးဆုံးရမည့်ပမာဏနှင့် အရည်အသွေးစိစစ်ကြီးကြပ်မှု၊ စီမံကိန်းမပြီးမီ လမ်းအသုံးပြုခကောက်ခံ၍ ရ/မရတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်ရှိ မြဝတီ-ဘားအံလမ်းနှင့်စပ်လျဉ်း၍ **AK ကုမ္ပဏီကို ဘီအိုတီစနစ်ဖြင့် ၂၃-၉-၂၀၀၉ ရက်မှစတင်၍ ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း၊ သဃ်န်းညီနောင်မှ မြဝတီမြို့ နယ်စပ်ချစ်ကြည်ရေးတံတားအထိ အာရှလမ်းမကြီး (၁၁)မိုင် (၂)ဖာလုံသည် ဘီအိုတီလမ်းပိုင်းတွင်မပါဝင်သော်လည်း AK ကုမ္ပဏီက ငွေကြေးစိုက်ထုတ်ပြုပြင်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ လုပ်ငန်းစတင်ခွင့်ပြုချိန်မှစ၍ ယနေ့အထိ လုပ်ငန်းကာလ(၂)နှစ်မပြည့်သေးသောကာလတွင် လုပ်ငန်းသဘောသဘာဝအရ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး တန်ပိုယာဉ်ကြီးများသွားလာမှုကြောင့် လည်းကောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မိုးရာသီသည် မိုးများသည့်နှစ်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ အထူးသဖြင့် ဂျိုင်းမှကျုံဒိုးအပိုင်းတွင် သဘာဝအနေအထားအရ လမ်းဘေးဝဲ/ယာ ဝန်းကျင်နှစ်ဖက်တွင် ရေပြင်ကျယ်ကွင်းကြီးများဖြစ်ပေါ်နေသဖြင့် လမ်းသားအတွင်း ရေစိမ့်ဝင်မှုများကြောင့်လည်းကောင်း လမ်းလွှာများပျက်စီးခဲ့ရပါကြောင်း၊ ဘားအံမှ အိန္ဒူ-ဂျိုင်းအပိုင်း (၃၈)မိုင်(၄)ဖာလုံကို ပွင့်လင်းရာသီတွင် (၂၄)ပေ အကျယ်ရရှိရန် ကတ္တရာလမ်းသားချဲ့ခင်းခြင်း အပြီးဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အောက်ဘိုတဲမှ သဃ်န်းညီနောင်အပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းသောအချိန်များတွင် တောင်ပြိုလေ့ရှိသည့်အတွက် စက်ယန္တရားကြီးများဖြင့် အချိန်နှင့်တစ်ပြေးညီ ဖယ်ရှားရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။**

အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

ဘားအံမှ အိန္ဒူအပိုင်း (၁၃)မိုင်သည် ကတ္တရာလမ်းဖြစ်ပြီး ချောမွေ့စွာသွားလာနိုင်သည့် အဆင့်ရှိပါကြောင်း၊ အိန္ဒူမှ ဂျိုင်း-ကော့ကရိတ်အပိုင်းတွင် လမ်းသားများကိုကြိုတင်ရောကျောက်ကတ္တရာနှင့်လည်းကောင်း၊ ကျောက်သဲဖြုန်းတို့နှင့် ဖာထေး၍လည်းကောင်း နိုင်နင်းစွာဆောင်ရွက်ထားရှိပါကြောင်း၊ ကော့ကရိတ်မှ အောက်ဘိုတဲကြားအပိုင်းတွင် ပျက်စီးမှုများပြားသည့်အတွက် အခြေအနေအရလမ်းချောရန်အချိန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ သဃ်န်းညီနောင်မှ မြဝတီလမ်းအပိုင်း (အာရှလမ်းမကြီး)သည် ပျက်စီးမှုနည်းပါးပြီး လမ်းချောမွေ့စွာသွားလာနိုင်သည့်အဆင့် ရှိပါကြောင်း၊ လမ်းနှင့်တံတားများကိုဆောင်ရွက်ရာတွင် အချိန်တိုကာလအတွင်း ယာဉ်သွားလာမှု ချောမွေ့လွယ်ကူစေရေးအတွက် ပုံမှန်လမ်းလုပ်ငန်းများအပြင် တောင်ပေါ်လမ်းပိုင်းကျဉ်းမြောင်းသောလမ်းကျဉ်းလမ်းကွေ့များအား စက်ယန္တရားများဖြင့်ချဲ့ထွင်ခြင်း၊ လမ်းအကွေ့နေရာများတွင် ကွန်ကရစ်လမ်းပိုင်းများခင်းခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ရပါကြောင်း။

တောင်ပေါ်လမ်းပိုင်းတွင် ယခင်က ယာဉ်(၂)စီး ရှောင်တိမ်းရန်ခက်ခဲပြီး ယာဉ်တန်းစနစ်နှင့် ၁ ရက်စီ ခွဲခြားသွားလာရသော လမ်းပိုင်းဖြစ်ပါကြောင်း၊ AK ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန်၊ ဖြတ်သန်းသွားလာနေသောယာဉ်များနှင့် မထိခိုက်စေရန် အထူးအလေးထား ဆောင်ရွက်ခဲ့သည့်အတွက် ဘားအံမှ မြဝတီအထိ ၄ နာရီခန့်ဖြင့် ခရီးပေါက်နေပြီ ဖြစ်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းအပိုင်းကို လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရေးအတွက် ပွင့်လင်းရာသီတွင် လမ်းသားချဲ့ခင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြဝတီ-ဘားအံလမ်းပိုင်းတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လမ်း၊ တံတားအသုံးပြုခကောက်ခံခြင်းကို လေလံစနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုထားပါကြောင်း၊ လက်ရှိတွင် မြဝတီ-ဘားအံလမ်းပိုင်းကို AK ကုမ္ပဏီက လမ်းအသုံးပြုခကောက်ခံခြင်းမရှိဘဲ လမ်း၊ တံတားလုပ်ငန်းများ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကိုသာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘီအိုတီစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိရန် အရည်အချင်း သတ်မှတ်ချက်များနှင့်ပြည့်စုံသော မည်သည့်တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီမဆို ဘီအိုတီစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရေး လျှောက်ထားနိုင်ပါကြောင်း။

ကြပ်မတ်ဆောင်ရွက်

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘီအိုတီစနစ်ဖြင့်ဆောင်ရွက်သော လမ်းပိုင်းဆိုင်ရာလုပ်ငန်းများနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာလုပ်ငန်းများစစ်ဆေးရာတွင် ကြပ်မတ်ဆောင်ရွက်နိုင်ရန် အင်ဂျင်နီယာချုပ်၊ ဒုတိယအင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာမှူးကြီးများပါဝင်သည့် လမ်း၊ တံတားလုပ်ငန်းများ စစ်ဆေးကွပ်ကဲကြပ်မတ်ရေးအဖွဲ့(၁၉)ဖွဲ့ကို တာဝန်ပေးအပ်ထားပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ လုပ်ငန်းများစဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြဝတီ-ဘားအံကားလမ်းကို တာဝန်ယူထားသော ဘီအိုတီလုပ်ငန်းရှင် AK ကုမ္ပဏီအား လမ်းအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး၊ လမ်းအင်္ဂါရပ်များ ပြည့်စုံကောင်းမွန်စေရေး၊ စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

တည်ဆောက်ထားရှိ

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ **နေပြည်တော်ကောင်စီနယ်မြေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးဝဲယာရှိ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်များမှ ဒေသခံပြည်သူများသည် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ပညာရေးကိစ္စများအတွက် မြို့ပြဒေသသို့ဆက်သွယ်ရာတွင် သတ်မှတ်ထားသော လမ်းဖြတ်တံတားများ (Under Pass) သို့ ဆက်သွယ်ရန်လမ်းများ ဖောက်လုပ်ထားရှိမှုမရှိခြင်း၊ မူလဆက်သွယ်ရေးလမ်းများနှင့် လမ်းဖြတ်တံတားများသို့ ဆက်သွယ်ထားသည့် လမ်းများမရှိခြင်းတို့ကြောင့် အဆိုပါလမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် ရန်ကုန်အမှတ်(၃)လမ်းဆုံမှ မန္တလေး-စကားအင်းအပိုင်းအထိ မိုင်အရှည်(၃၅၂)မိုင်(၆)ဖာလုံရှိပြီး အဆိုပါလမ်းမိုင်အတွင်း နေပြည်တော်ကောင်စီနယ်မြေသည် လယ်ဝေးမြို့နယ်မှ ဥတ္တရသီရိမြို့နယ်အထိ မိုင်တိုင်(၁၈၅/၀)မှ(၂၃၁/၄)အထိ မိုင်အရှည်(၄၆)မိုင်(၄)ဖာလုံ ဖြစ်ပါကြောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနှင့် ဆက်စပ်လျက်ရှိသော နေပြည်တော်ကောင်စီ ဧရိယာမှ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်ရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် မြို့ပြဒေသများနှင့် ဆက်သွယ်ရာတွင် အမြန်လမ်းမကြီးကို ဖြတ်သန်းရာ၌ လယ်ဝေးမြို့နယ်အတွင်းတွင် ယာဉ်ဖြတ်လမ်းတံတား(၄)ခု၊ လူသွားဖြတ်ပေါက်တံတား(၂)ခု၊ ဒက္ခိဏသီရိမြို့နယ်အတွင်းတွင် ယာဉ်ဖြတ်လမ်းတံတား(၂)ခု၊ လူသွားဖြတ်ပေါက်တံတား (၃)ခု၊ ဥတ္တရသီရိမြို့နယ်အတွင်းတွင် ယာဉ်ဖြတ်လမ်းတံတား(၃)ခု၊ လူသွားဖြတ်ပေါက်တံတား(၂)ခု စုစုပေါင်း (၁၆)ခုအား လမ်းဘေးဝဲ/ယာရှိ ကျေးရွာများအတွက် ယာဉ်ဖြတ်လမ်းများနှင့် လူသွားဖြတ်ပေါက်များကို တံတားများအောက်မှသွားလာနိုင်ရန် တည်ဆောက်ထားရှိပါကြောင်း။**

တံတားအောက်ဖြတ်လမ်းနှင့် လူသွားဖြတ်ပေါက်များသည် တံတားအောက်မှ သွားပါက အဝင်အထွက်ကောင်းစေရန် လမ်းနယ်အတွင်းပေ(၃၀) အရှည်အား ကွန်ကရစ်ခင်းပေးထားသည့်အတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာပေါင်း (၆၁) ရွာမှ မိုးရာသီတွင် နွားလှည်းများဖြတ်သန်းလျက်ရှိပြီး ပွင့်လင်းရာသီတွင် နွားလှည်းများသာမကဘဲ ထော်လာဂျီများ၊ ကားငယ်များပါ နေ့စဉ်မပြတ်ကူးသန်းသွားလာလျက်ရှိပါကြောင်း။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ လမ်းနယ်အပြင်ဘက်ရှိနေရာများမှ ပတ်ဝန်းကျင်ကျေးရွာများကို ဆက်သွယ်သောလမ်းများသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ရှိသည့်အတွက် အမြန်လမ်းမကြီး စီမံကိန်းနှင့်သက်ဆိုင်မှုမရှိပါကြောင်း၊ စီမံကိန်းနယ်မြေပြင်ပရှိကျေးရွာများအတွက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဖြတ်၍သွားလာနိုင်ရန်ပြုလုပ်ထားသော လမ်းဖြတ်တံတား(၁၆)ခုနှင့် ကျေးရွာများဆက်သွယ်ပေးသည့် လမ်းများဖောက်လုပ်ရန်အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

အဆင့်မြှင့်တင်တည်ဆောက်

ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင်၏ **ဖျာပုံမြို့နယ်အတွင်း ဖျာပုံ-အမာ ဆက်သွယ်ထားသည့်ကားလမ်း (၅၁)မိုင်(၅)ဖာလုံအနက် ဖျာပုံမှ ကျုံကဒွန်း ကျောက်ကြမ်းလမ်း(၁၅)မိုင်(၃)ဖာလုံသည် ရာသီမရွေးသွားလာနိုင်ပြီး ကျုံကဒွန်း-အမာလမ်း(၃၆)မိုင်(၂)ဖာလုံသည် မိုးရာသီတွင် ဆက်သွယ်မှုပြတ်တောက်လျက် လမ်းပန်းဆက်သွယ်ရေးခက်ခဲပါကြောင်း၊ ကျုံကဒွန်း-အမာလမ်းပိုင်းအတွင်း နေရာအချို့ကိုပြုပြင်လိုက်မည်ဆိုပါက ရာသီမရွေးသွားလာနိုင်ပြီး အမာမြို့နယ်ခွဲအတွက် လမ်းပန်းဆက်သွယ်ရေးသာမက ကုန်စည်စီးဆင်းမှု မြန်ဆန်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါသဖြင့် ဖျာပုံ-ကျုံကဒွန်း-အမာ ကားလမ်းအား ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးမည့်အခြေအနေကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နှင့် အမာမြို့နယ်ခွဲသို့ဆက်သွယ်ဖောက်လုပ်ထားသော ဖျာပုံ-အမာကားလမ်းသည် အရှည် (၅၁)မိုင် (၅)ဖာလုံ ရှိပါကြောင်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နာဂစ်မုန်တိုင်းဒဏ်ခံရပြီးနောက် လမ်းအဆင့်တိုးမြှင့်တည်ဆောက်ရန် လိုအပ်သည့်အတွက် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်းဝင်လမ်းအမှတ်(၇)အဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနက အဆင့်မြှင့်တင်တည်ဆောက်လျက် ရှိပါကြောင်း။

တာဝန်ယူဆောင်ရွက်

ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းသည် ယခုအခါ လမ်းမိုင်အရှည်(၁၅)မိုင်(၃)ဖာလုံရှိသော ဖျာပုံမှ ကျုံကဒွန်းအထိ ရာသီမရွေးသွားလာနိုင်ပြီး လမ်းမိုင်အရှည်(၃၆)မိုင်(၂)ဖာလုံရှိသော ကျုံကဒွန်း-အမာလမ်းအပိုင်းတွင် မြေသားလမ်းများပါဝင်နေသဖြင့် ပွင့်လင်းရာသီတွင်သာ မော်တော်ယာဉ်များသွားလာနိုင်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ လမ်းအဆင့်နိမ့်ကျမသွားစေရန် လမ်း၊ တံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများကို ဖျာပုံမြို့နယ်နှင့် အမာမြို့နယ်ခွဲတို့မှ အင်ဂျင်နီယာများက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေနှင့် ကတ္တရာလမ်းအဆင့် (၁)မိုင်(၂)ဖာလုံ၊ မြေလမ်းမှ အမာခံလမ်းအဆင့်(၉)ဖာလုံ တိုးမြှင့်တည်ဆောက်လျက်ရှိပါကြောင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်းဝင်လမ်းအမှတ်(၇)ဖြစ်သည့် ဖျာပုံ-အမာကားလမ်းကို ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆက်သွယ်မှုလွယ်ကူလျင်မြန်စေရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနှင့်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများတင်ပြတောင်းခံပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ **ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်း** ကို လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က လွှတ်တော်သို့ တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဦးခင်မောင်မြင့်က ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့်အတွက် စက်တင်ဘာ ၂၆ ရက်(တနင်္လာနေ့)တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၅၊ ၁၅၇ တို့နှင့်အညီ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ စာသား"ကို တိတိကျကျဖော်ပြ၍ စက်တင်ဘာ ၂၃ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ထောက်ခံဆွေးနွေး

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် ယမန်နေ့က တင်သွင်းခဲ့သော ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၏ **"ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ်(ဝါ)ရှားပါးစရိတ်များကို အခြေအနေနှင့်လိုက်လျောညီထွေရှိသော နှုန်းထားပြောင်းလဲရေး"** အဆိုကို နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်ဝမ်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း၊ မဲ့စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ်၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်၊ တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း၊ မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်းတို့က နယ်စပ်ဒေသတစ်လျှောက်တွင် တာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်းများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် လစာနှင့်စရိတ်လုံလောက်မှုမရှိဘဲ စားဝတ်နေရေးအကျပ်အတည်းတွေ့နေရသည်ကို သိရှိရပါကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားနိုင်စေရန်အတွက်လည်းကောင်း၊ စိတ်ဓာတ်မြှင့်တင်ပေးသည့်အနေဖြင့်လည်းကောင်း အဆိုပါဝန်ထမ်းများ၏ အခက်အခဲများကို အတိုင်းအတာတစ်ခုအထိ ဖြေလျှော့ပေးနိုင်အောင် နိုင်ငံတော်အနေဖြင့် လုံလောက်သောဒေသစရိတ်ကို အထူးအစီအစဉ်တစ်ရပ်အဖြစ် စီမံဆောင်ရွက်ပေးသင့်ပါကြောင်း၊ သို့မှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုလုပ်ငန်းများ၌ စိတ်ဝင်စားပြီး စိတ်အားထက်သန်စွာ ရေရှည်တာဝန်ထမ်းဆောင်နိုင်ကြမည်ဟု မျှော်လင့်ရပါကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက **၁၉၇၉ခုနှစ် ဇွန်လ ၁ ရက်မှစ၍ ဒေသစရိတ်ခံစားခွင့်ရှိသော မြို့နယ်များကို လူမှုရေးအခက်ခဲဆုံးအဆင့်နှင့် လူမှုရေးခက်ခဲသောအဆင့်ဟူ၍ နှစ်ဆင့်ခွဲခြားသတ်မှတ်ခဲ့ပြီး အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများသည် ဒေသစရိတ်များခံစားခွင့်ရရှိခဲ့ပါကြောင်း၊ လူမှုရေးအခက်ခဲဆုံးအဆင့် မြို့နယ်များတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများသည် လစာအနည်းအများအလိုက် လစာ၏ (၁၀) ရာခိုင်နှုန်းမှ (၂၅)ရာခိုင်နှုန်းအထိ ဒေသစရိတ်ခံစားရပြီး လူမှုရေးခက်ခဲသော မြို့နယ်များတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများသည် လစာ၏(၈)ရာခိုင်နှုန်းမှ (၂၀) ရာခိုင်နှုန်းအထိ ဒေသစရိတ်ခံစားရပါကြောင်း။**

ခံစားခွင့်ပြု

၁၉၈၉ ခုနှစ် ဇူလိုင် ၁၂ ရက်မှစ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည့် ဝန်ထမ်းများအား ထိုဝန်ထမ်းလစဉ်ထုတ်ယူရရှိသည့် လစာနှင့် ညီမျှသောငွေကို အထူးလစာအဖြစ်ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၀၀ပြည့်နှစ် ဧပြီ ၂၁ ရက်မှစ၍ အစိုးရဝန်ထမ်းများ၏ လစာများကိုတိုးမြှင့်ပေးခဲ့ပါကြောင်း၊ သို့ဖြစ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ကျသည့်ဝန်ထမ်းများသည်လည်း တိုးမြှင့်လစာနှုန်းများကို ခံစားခွင့်ရရှိကြပြီဖြစ်သဖြင့် လစာ၏(၂၅)ရာခိုင်နှုန်းကို အထူးလစာအဖြစ်ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၀၆ ခုနှစ်မှစ၍ ဝန်ထမ်းများ၏လစာကို ထိုက်ထိုက်တန်တန်တိုးမြှင့်ပေးခဲ့ရာ နယ်စပ်ဒေသများတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်သည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် သွားရောက်တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများအား အထူးလစာ၊ နေ့တွက်စရိတ်၊ လုပ်ခနှင့် အထူးလုပ်ခများ ခံစားခွင့်အစား အခြားဝန်ထမ်းများနည်းတူ တိုးမြှင့်လစာနှုန်းများနှင့် နေ့စားလုပ်ခနှုန်းများကိုသာ ခံစားခွင့်ပြုခဲ့ပါကြောင်း။

ယခုအခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အစိုးရဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဒေသစရိတ်များ အခက်အခဲရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှတစ်ဆင့်ညှိနှိုင်း၍ တင်ပြဆောင်ရွက်ရန်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးဇုံးတိန့်၏အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေက **မြေလွတ်မြေရိုင်းများအား အမှန်တကယ်လုပ်ကိုင်လိုသူများ တရားမျှတစွာလုပ်ကိုင်ခွင့်ရရှိရေး** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို စက်တင်ဘာ ၂၂ ရက်(ကြာသပတေးနေ့)တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို မွန်းလွဲ ၂ နာရီတွင်ရပ်နားပြီး အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် – ရေးသားသည် ➤

တောင်ကိုရီးယားနှင့် တရုတ် ကုန်တင်လေယာဉ် စတင်ပျံသန်းပြီ

ဆိုးလ် စက်တင်ဘာ ၂၁

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်အနောက်တောင်ပိုင်း ချန်ဒူမြို့သို့ တောင်ကိုရီးယားနိုင်ငံ အင်ချွမ်နိုင်ငံတကာလေဆိပ်မှ ကုန်တင်လေယာဉ်ကြီးတစ်စင်း စက်တင်ဘာ ၂၁ ရက် နံနက်က စတင်ပျံသန်းထွက်ခွာသွားကြောင်း တောင်ကိုရီးယားအရာရှိများက စက်တင်ဘာ ၂၁ ရက်၌ ပြောကြားသည်။

တောင်ကိုရီးယားအဲလိုင်းက ကုန်တင်လေယာဉ်ကို သီတင်းအပတ်စဉ်တိုင်း ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များတွင် တရုတ်နိုင်ငံသို့ ပျံသန်းပြေးဆွဲတော့မည်ဖြစ်သည်။ တောင်ကိုရီးယားအဲလိုင်းသည် တရုတ်နိုင်ငံမြို့ကြီးများသာမက အခြားပြည်ပနိုင်ငံများမှ မြို့များသို့လည်း ကုန်တင်လေယာဉ်များ ပျံသန်းမည်ဖြစ်သည်။ ထိုသို့ပျံသန်းခြင်းဖြင့် ကုန်သွယ်လေကြောင်းပျံသန်းမှုဆိုင်ရာ နည်းပညာနှင့်သတင်းအချက်အလက်များကို ရရှိမှုနှင့်ဖြန့်ဝေမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ယခုအခါ အင်ချွမ်-ချန်ဒူကုန်သွယ်လေကြောင်းလိုင်းကို စတင်ပျံသန်းနိုင်ပြီဖြစ်ရာ တောင်ကိုရီးယားဈေးကွက်မှ တရုတ်ဈေးကွက်သို့ ကုန်ပစ္စည်းများ တိုက်ရိုက်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**



ဘာလီကျွန်းကမ်းလွန်၌ ကူးတို့ယာဉ်နစ်မြုပ် ၁၁ ဦး သေဆုံး၊ ၁၄ ဦး ပျောက်ဆုံး

လမ်ဘန်ဂန် စက်တင်ဘာ ၂၁

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကမ်းလွန်တွင် စက်တင်ဘာ ၂၁ ရက် နံနက်က ကူးတို့ယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ ၁၁ ဦး သေဆုံးပြီး ၁၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

၎င်းကူးတို့ယာဉ် နစ်မြုပ်သည့်နေရာမှာ လမ်ဘန်ဂန်မြို့ ဂျန်ဂတ်ဘာတူဆိပ်ကမ်းမှ တစ်မိုင်ခန့်အကွာ ရေပြင်၌ဖြစ်သည်။ လေပြင်းတိုက်ခတ်၍ ဖြစ်ပေါ်သော ကြီးမားသည့်ရေလှိုင်းကြီးများ ရိုက်ခတ်ခံရမှုကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အပေါ်ပုံ)**

ကယ်ဆယ်ရေးအဖွဲ့များက ရဟတ်ယာဉ်များနှင့် ရေယာဉ်များအသုံးပြုကာ ပျောက်ဆုံးနေသူများကိုရှာဖွေလျက်ရှိသည်။ ခရီးသည် ၁၁ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး ပျောက်ဆုံးနေသူ ၁၄ ဦးကို ရှာဖွေနေကြောင်း သိရသည်။ ၎င်းကူးတို့ယာဉ်မှာ လမ်ဘန်ဂန်မြို့ ဂျန်ဂတ်ဘာတူဆိပ်ကမ်းမှ တိုယို ပါကတ် ဆိပ်ကမ်းသို့ ခုတ်မောင်းလာစဉ် လှိုင်းလုံးကြီးများကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတော်အတွင်းရှိ အဓိကမြစ်ချောင်းကြီးများနှင့် ဆည်ရေလှောင်တမံများ၏ ရေဝေရေလဲဒေသများကို အုပ်ချုပ်ရေးဌာနတစ်ခုဖွင့်လှစ်ပြီး ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်လျက်ရှိ

✻ ကျောဖုံးမှ

ပညာတတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေး၍ ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် ဇာတိဒေသတွင် ပြန်လည်၍ ပညာရေးဝန်ထမ်းတာဝန်ထမ်းဆောင်စေခြင်းဖြင့် တိုင်းရင်းသားပြည်သူများအကြား ခေတ်ပညာပြန့်ပွားစေရန်နှင့် တစ်ဖက်တစ်လမ်းကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

ဖွင့်လှစ်သင်ကြား

ထိုအချိန်က မြန်မာနိုင်ငံ၌ တက္ကသိုလ်ဟူ၍ ရန်ကုန်နှင့် မန္တလေးမြို့ကြီး(၂)မြို့တွင်သာရှိပြီး ကောလိပ်များအနေနှင့် မော်လမြိုင်၊ မကွေး၊ ပုသိမ်၊ မြစ်ကြီးနား၊ တောင်ကြီးနှင့် ကျောက်ဖြူမြို့များတွင်သာ ရှိသည့်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ပြည်နယ်/တိုင်းများမှ သင်တန်းသားများခေါ်ယူ၍ ပညာရေးဘွဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးကာ ၁၉၉၄-၁၉၉၅ ပညာသင်နှစ်မှစ၍ မဟာပညာရေးဘွဲ့သင်တန်းအထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပါကြောင်း။

ယခုအချိန်၌ တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၄)ခုစလုံးတွင် တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များကို နိုင်ငံတော်အစိုးရက ဖွင့်လှစ်တည်ထောင်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်က ဘဏ္ဍာငွေကြေးများစွာအကုန်အကျခံပြီး တက္ကသိုလ်/ကောလိပ်များကို နိုင်ငံတစ်ဝန်း ဖွင့်လှစ်ပေးရသည့်အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်၏နယ်မြေဒေသအသီးသီးတွင် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အနှံ့မှ တိုင်းရင်းသားလူငယ်များအနေဖြင့် မိမိရပ်ရွာ ဒေသအတွင်း၌ပင် မိဘဆွေမျိုးများနှင့် မခွဲမခွာ ပညာဆက်လက်ဆည်းပူးနိုင်ကြစေရန် ဖြစ်ပါကြောင်း၊ ''ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်'' (၂)ခုကိုလည်း ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

လက်ရှိအခြေအနေတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဆက်လက်ဖွင့်လှစ်ရန် မလိုအပ်ပါသဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် သင်တန်းများကို နောက်ဆုံးနှစ်အဖြစ် သတ်မှတ်ဖွင့်လှစ်ပေးပြီး နောက်ပိုင်းကာလများအတွက် သင်တန်းများဆက်လက်ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပြန်လည်ဖြေကြား

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့က နယ်စပ်ရေးရာဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း၏ **''ဘူးသီးတောင်-ညောင်ချောင်းလမ်းပေါ်ရှိ ပေ (၁၀၀)ကျော် တံတား (၄)စင်းသည် မိုးရာသီတွင်ချောင်းရေစီးကျမှု ပြင်းထန်၍ နှစ်စဉ်လိုလိုပျက်စီးမှုများကြောင့် လူကူးတံတားထိုးပြီး ဆိုင်ကယ်ဖြင့်ခက်ခက်ခဲခဲ သွားနေရပါသဖြင့် နိုင်ငံတော်အစိုးရမှ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ''** မေးခွန်းနှင့်စပ်လျဉ်း၍ ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ်(၂၇၁ ဒသမ ၁၉၅)သန်း၊ စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ငွေကျပ် (၂၁၀ ဒသမ ၉၆၅)သန်း စုစုပေါင်း ငွေကျပ် (၄၈၂ ဒသမ ၁၆)သန်းဖြင့် လုပ်ငန်းများဆောင်ရွက်ပေးခဲ့ပါကြောင်း။

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်လမ်းတံတားလုပ်ငန်းများအတွက် လျာထားငွေကျပ်(၄၂၂ ဒသမ ၈၂၁)သန်း၊ ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြလမ်းတံတားလုပ်ငန်းများအတွက် လျာထားငွေကျပ်(၄၃ ဒသမ ၃၅၅)သန်းနှင့် ကျေးလက်လမ်းတံတားလုပ်ငန်းများအတွက် လျာထားငွေကျပ်(၂၈ ဒသမ ၈၂)သန်းတို့ဖြင့် လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဘူးသီးတောင် ညောင်ချောင်းလမ်းပေါ်ရှိ ပေ(၁၀၀)ကျော် တံတား(၄)စင်းတည်ဆောက်ရန် (၁၅၁ ဒသမ ၃)သန်း ခန့်မှန်းကုန်ကျမည်ဖြစ်ပြီး ဘူးသီးတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖြည့်စွက်ရန်ပုံငွေ ငွေကျပ် (၅၇ ဒသမ ၅၁၅) သန်း၊ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ငွေကျပ်(၁၆ ဒသမ ၇၈၅)သန်း၊ စုစုပေါင်းငွေကျပ် (၇၄ ဒသမ ၃)သန်းဖြင့် ကင်းချောင်းတံတားနှင့် သပိတ်တောင်မြောက်ရွာတံတား (၂)စင်းတို့အား ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျန်တံတား(၂)စင်းအတွက် ရန်ပုံငွေ ငွေကျပ် (၇၇)သန်း ကုန်ကျမည်ဖြစ်ရာ ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သောလေ့လာမှုများပြုလုပ်ပြီး ဖြစ်နိုင်ခြေများအပေါ် ချင့်ချိန်လျက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

လျာထားဆောင်ရွက်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်၏ **''မြောက်ဦး-ဆင်အိုးလမ်းပိုင်းနှင့် မြောက်ဦး-ပိုးဖြူကျွန်းလမ်းပိုင်းတို့ကို ကျောက်ခင်းလမ်း၊ မြေသားလမ်းများမှ ကတ္တရာလမ်းများအဖြစ် တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ''** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် နိုင်ငံတော်ထောက်ပံ့ငွေကျပ် (၃၆ ဒသမ ၄၂၉)သန်း၊ စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေ ငွေကျပ်(၁၅၄ ဒသမ ၀၃၇)သန်း စုစုပေါင်းငွေကျပ်(၁၉၀ ဒသမ ၄၆၆)သန်း သုံးစွဲ၍ ကျေးလက်လမ်း(၁၃/၅)မိုင်နှင့် တံတား(၁၆)စင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့်အပြင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ရန်ပုံငွေ ငွေကျပ်(၉၀ဒသမ ၀၅၆)သန်းဖြင့် မြောက်ဦး-ဆင်အိုးလမ်းနှင့် မြောက်ဦး-ပိုးဖြူကျွန်းလမ်းများအားပြုပြင်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေကျပ်(၁၇ ဒသမ ၉၂) သန်းဖြင့် မြောက်ဦး-ဆင်အိုးလမ်းနှင့် မြောက်ဦး-ပိုးဖြူကျွန်းလမ်းများအား ကျောက်ခင်းလမ်းခင်းခြင်းဆောင်ရွက်ရန် လျာထားပါကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **''ဖျက်သိမ်းပြီးဖြစ်သော (ယခင်)နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ယူထိန်းသိမ်းခဲ့သော ရေနံချောင်း-ငွေးကုန်း-ဝက်ချုပ်-နတ်မောက်လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူသောလမ်းအဖြစ် လွှဲပြောင်းရယူ ပြုပြင်ထိန်းသိမ်းပေးနိုင်ခြင်းရှိ/မရှိ''** မေးခွန်းနှင့်စပ်လျဉ်း၍ **နယ်စပ်ရေးရာဝန်ကြီးဌာန မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်းတံတားလုပ်ငန်းများဆောင်ရွက်ရန်အတွက် ငွေကျပ်(၈၅၃ ဒသမ ၉၀၂)သန်းကို လည်းကောင်း၊ အလားတူ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်းတံတားလုပ်ငန်းများအတွက် ငွေကျပ်(၄၄ ဒသမ ၇၈)သန်းကို လည်းကောင်း၊ နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်းတံတား လုပ်ငန်းများအတွက် ငွေကျပ်(၁၈ ဒသမ ၇၁)သန်းကိုလည်းကောင်း အသီးသီးလျာထား ဆောင်ရွက်လျက်ရှိပါကြောင်း။**

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ရေနံချောင်း-ငွေးကုန်း-ဝက်ချုပ်-နတ်မောက်မြို့နယ်ချင်းဆက်လမ်းအား ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ ငွေကျပ်(၁၆ ဒသမ ၈၃၈)သန်း၊ နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ ငွေကျပ် (၂၁ ဒသမ ၀၃)သန်း၊ စုစုပေါင်းငွေကျပ် (၃၇ ဒသမ ၈၆၈) သန်းသုံးစွဲ၍ လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

တည်ဆောက်ပေးမည်

ရေနံချောင်း-ငွေးကုန်း-ဝက်ချုပ်-နတ်မောက်လမ်း (၄၁/၃)မိုင်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သော ရေနံချောင်း-ငွေးကုန်းလမ်းပိုင်း(၁၂/၀)မိုင်ကို ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီက ဘီအိုတီစနစ်ဖြင့်တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလမ်းပိုင်း(၂၉/၃)မိုင်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသော လမ်းဖြစ်ပြီး ကျောက်လမ်း(၆/၅)မိုင်နှင့် မြေလမ်း(၂၂/၆)မိုင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေ ငွေကျပ်(၄၁ ဒသမ ၄၂၈)သန်းဖြင့် မြေသားလမ်းပြုပြင်ခြင်း(၄/၂)မိုင်၊ ကျောက်လမ်းတိုးချဲ့ခင်းခြင်း(၀/၂)မိုင်နှင့် ရေကျော်(၂)စင်း တည်ဆောက်ပေးသွားမည်ဖြစ်ပြီး အဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် နှစ်အလိုက် စီမံချက်ရေးဆွဲကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်၏ **''ဂျိုးဖြူကန် ရေပိုက်လိုင်းကြီးမှ တိုက်ကြီးမြို့သို့ ရေသွယ်တန်းဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ''** မေးခွန်းနှင့်စပ်လျဉ်း၍ **တိုက်ကြီးမြို့တွင် ရပ်ကွက် (၈)ခု၊ အိမ်ခြေ (၁၀၀၂၂)အိမ်နှင့် လူဦးရေ (၃၆၄၃၇)ဦးခန့်ရှိပြီး ရေလိုအပ်ချက်မှာ တစ်နေ့လျှင် ရေဂါလန်(၇ ဒသမ ၂၈)သိန်းဖြစ်ပါကြောင်း၊ တိုက်ကြီးမြို့စည်ပင်သာယာရေးအဖွဲ့အနေဖြင့် တစ်နေ့လျှင် ဂါလန်(၁၀၀၀၀၀)ခန့်သာရေပေးဝေနိုင်သဖြင့် မြို့လယ်ပိုင်းကိုသာ ရေပေးဝေဖြန့်ဖြူးလျက်ရှိပြီး ကျန်မြို့နေပြည်သူများသည် လက်တူးတွင်း(၄၅)တွင်းတို့မှ ရေရယူသုံးစွဲလျက်ရှိရာ တိုက်ကြီးမြို့၏ ရေရရှိရေးလွှမ်းခြုံမှုမှာ (၉၀)ရာခိုင်နှုန်းခန့်ဖြစ်ပါကြောင်း။**

ဂျိုးဖြူကန်ရေပိုက်လိုင်းကြီးမှ တိုက်ကြီးမြို့သို့ ရေသွယ်တန်းပေးနိုင်ရေးကို ဆောင်ရွက်မည်ဆိုပါက ရန်ကုန်မြို့တော်သို့ပေးဝေနေသည့် ပင်မရေပိုက်လိုင်းကြီး၏ အထက်ပိုင်းမှ သွယ်ယူရမည်ဖြစ်ရာ ရန်ကုန်မြို့တော်၏ ရေပေးဝေရေးစနစ်ကို များစွာထိခိုက်နိုင်မည်ဖြစ်သည့်အပြင် ဂျိုးဖြူကန်မှ တိုက်ကြီးမြို့သို့ (၈)လက်မ PVC ရေပိုက်လိုင်းသွယ်တန်းပြီးရေပေးဝေမည်ဆိုလျှင်လည်း အကွာအဝေး (၇)မိုင်ခန့်ရှိ၍ ခန့်မှန်းကုန်ကျငွေ ငွေကျပ် (၈၉၀ ဒသမ ၉) သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

စီမံချက်များရေးဆွဲ

လက်ရှိတိုက်ကြီးမြို့၏ စက်ရေတွင်းများမှ ရေအရည်အသွေးမှာလည်း အလွန်ကောင်းမွန်သည့်အားလျော်စွာ ရေပိုမိုဖြန့်ဖြူးနိုင်ရေးအတွက် စက်ရေတွင်းများပိုမိုတူးဖော်ပေးခြင်းနှင့် အမြင့်တင်ရေစင်များ ဆောက်လုပ်၍ တိုးချဲ့ရေပေးဝေခြင်းကို ဆောင်ရွက်ခြင်းကသာ ပိုမိုလက်တွေ့ကျပြီး အကျိုးကျေးဇူးရှိမည်ဖြစ်ပါကြောင်း၊ အဆိုပါ မြို့ရေပေးဝေရေးစနစ်အတွက်၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ငွေကျပ်(၁၂၇)သန်းခန့်ဖြင့် ရေပေးဝေရေးစနစ်ဆိုင်ရာ အဆောက်အအုံများကို တည်ဆောက်ထားပြီးဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် လျာထားငွေ ကျပ်သန်း ၄၀၊ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ငွေကျပ် (၅၆)သန်း စုစုပေါင်း ငွေကျပ်(၉၆) သန်းဖြင့် တစ်နေ့လျှင် ရေဂါလန် (၁၅၀၀၀၀)ခန့် ထပ်မံပေးဝေနိုင်ရေးတိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ရာ စုစုပေါင်း တစ်နေ့လျှင်ဂါလန် (၂၅၀၀၀၀)ခန့် ပေးဝေနိုင်မည်ဖြစ်ပါကြောင်း၊ ရေရှည်အတွက်မျှော်မှန်းလျက် တိုက်ကြီးမြို့ပြည်သူလူထု၏ မြို့ရေပေးရေးစနစ်မှ ရေရယူလိုမှုကို စစ်တမ်းကောက်ယူပြီး စနစ်တကျကွင်းဆင်းတိုင်းတာတွက်ချက်၍ မြို့ရေပေးရေးစနစ် ထပ်မံတိုးချဲ့နိုင်ရေးကိုလည်း စီမံချက်များရေးဆွဲ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၏ **'' ''ဝ'' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏ ဒေသဖွံ့ဖြိုးရေးအတွက် (၈)မိုင်ရှည်သော ဟိုပန်-နမ့်တစ်လမ်းအား ကတ္တရာလမ်းအဖြစ် ခင်းပေးနိုင်ခြင်း ရှိ/မရှိ''** မေးခွန်းနှင့်စပ်လျဉ်း၍ ''ဝ''ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း ဟိုပန်-နမ့်တစ်ဒေသတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ၁၉၈၉-၁၉၉၀ ဘဏ္ဍာရေးနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်(၂၂ ဒသမ ၁၇)သန်းသုံးစွဲ၍ ကတ္တရာလမ်း(၁၃/၄)မိုင်၊ ကျောက်လမ်း(၁၄/၂)မိုင်နှင့် တံတား(၂)စင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ဆောင်ရွက်ပြီးစီးခဲ့သော ဟိုပန်-နမ့်တစ်လမ်း(၉/၂)မိုင်တွင် ကတ္တရာလမ်း (၁/၂)မိုင်ခင်းပြီးဖြစ်သောကြောင့် ကျန်ကျောက်လမ်း(၈)မိုင်အား ရာသီမရွေးသွားလာနိုင်သောအဆင့်ရောက်အောင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီးမှသာ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ရာ လာမည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေရရှိရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ တင်ပြပေးသွားမည်ဖြစ်ပါကြောင်း၊ ''ဝ''ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာစေရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ဖြစ်နိုင်ခြေများအပေါ် ချင့်ချိန်လျက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေခွင့်ပြုဝင်ဆံ့မှုနှင့်အညီ အစီအမံများရေးဆွဲ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညီညီထွန်း၏ **''ဒေသပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာ-ခလွန်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားတစ်စင်းနှင့် ခရွဲ၊ မုက္ခမော့ကျေးရွာနှင့် သိမ်ဇရပ်ကျေးရွာသွားလမ်းရှိ တံတားတစ်စင်းတို့အား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ''** မေးခွန်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းတံတားလုပ်ငန်းများအတွက် လျာထားငွေသည် ငွေကျပ်(၅၆၉)သန်းဖြစ်ပြီး ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြလမ်းတံတား/ရေပေးရေးလုပ်ငန်းများအတွက် (၁၁၂ ဒသမ ၆၂)သန်းနှင့် ကျေးလက်လမ်းတံတားလုပ်ငန်းများအတွက် (၅၆ ဒသမ ၃၁)သန်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် (၈ ဒသမ ၀၀၆)သန်းဖြင့် ဆောင်ရွက်ပေးခဲ့သည့် ကျိုက်ထို-ကျိုက္ကသာ-ခလွန်လမ်းအရှည်(၈/၇)မိုင်တွင် ကျိုက်ထို-ကျိုက္ကသာလမ်း(၇/၀)မိုင်မှာ (၁၂)ပေအကျယ်ရှိ ဂဝံလမ်းဖြစ်ပြီး ကျိုက္ကသာ-ခလွန်လမ်းမှာ (၅)ပေ အကျယ် လူသွားလမ်းဖြစ်ပါကြောင်း။

လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ကျိုက္ကသာ-ခလွန်ကျေးရွာချင်းဆက်လမ်း အရှည်(၂/၃)မိုင်အား အကျယ်(၁၆)ပေ အမြင့်(၃)ပေ မြေသားလမ်းဆောင်ရွက်ခြင်းနှင့် အဆိုပါလမ်းပေါ်ရှိ ခလွန်ချောင်းကူးသစ်သားတံတားတည်ဆောက်ခြင်း၊ သိမ်ဇရပ်-မုက္ခမော့-ခရွဲကျေးရွာချင်းဆက်လမ်းပေါ်ရှိ တနော့ဆည်ချောင်းတံတားနှင့် အခိုင်ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ငွေကျပ် (၄၂ ဒသမ ၃၅) သန်းနှင့် နိုင်ငံတော်ထောက်ပံ့ ငွေကျပ်သန်း(၃၀)၊ စုစုပေါင်းငွေကျပ်(၇၂ ဒသမ ၃၅)သန်းဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က ပို့ဆောင်ရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင်၏ **''ထိုင်းနိုင်ငံဘက်မှ ထိုင်းပင်လယ်ကွေ့နှင့် မြန်မာနိုင်ငံကပ္ပလီပင်လယ်သို့ တူးမြောင်းဖောက်လုပ်၍ရနိုင်/မရနိုင်၊ အကျိုးစီးပွားဖြစ်ထွန်းနိုင်မှု ရှိ/မရှိ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆွေးနွေးရန် သင့်/မသင့် တို့ကို နိုင်ငံတော်အနေဖြင့် လေ့လာထားခြင်း ရှိ/မရှိ''** မေးခွန်းနှင့်စပ်လျဉ်း၍ **ပါချန်မြစ်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြားတည်ရှိပြီး နှစ်နိုင်ငံလုံးပိုင်ဆိုင်သည့် မြစ်တစ်ခုဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံဘက်မှ ထိုင်းပင်လယ်ကွေ့နှင့် မြန်မာနိုင်ငံကပ္ပလီပင်လယ်သို့ ပါချန်မြစ်ကြောင်းနှင့်ဆက်စပ်၍ ထိုင်းနိုင်ငံ ပါချန်မြို့မှ ချွန်ဖုန်းမြို့ဘက်သို့ တူးမြောင်းဖောက်လုပ်ပြီး ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းသွားလာရန်မှာ လေ့လာချက်များအရ ဖြစ်နိုင်ခြေအလားအလာ အလွန်နည်းပါးကြောင်း၊ ပါချန်မြစ်သည် တိုတောင်းပြီး ရေတိမ်သည့်အပြင် မြစ်ဝအတွက်ရေလမ်းကြောင်းတစ်လျှောက် သဘာဝအတားအဆီးဖြစ်သည့် ကျွန်းအမြောက်အမြား တည်ရှိနေသဖြင့် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာရန် မသင့်လျော်ပါကြောင်း။**

အကောင်အထည်ဖော်

အဆိုပါ တူးမြောင်းဖောက်လုပ်ရန် မေးမြန်းထားသည့်နေရာသည် ထိုင်းနိုင်ငံနယ်နိမိတ်အတွင်းတွင် လုံးလုံးလျားလျား ကျရောက်နေသဖြင့် ထိုင်းနိုင်ငံအစိုးရ၏ သဘောထားနှင့်စီးပွားရေးတွက်ခြေကိုက်မှုကို ထိုင်းနိုင်ငံ အစိုးရမှသာ လေ့လာသုံးသပ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း။

အဆိုပါတူးမြောင်းအနေဖြင့် မြန်မာနိုင်ငံ
ဖြတ်သန်းသွားရန်မလိုဘဲ၊ ပင်လယ်ကူးသင်္ဘော
ပိုင်နက်၏တစ်စိတ်တစ်ဒေသကို အသုံးပြုရန်လို
ဖြတ်သန်းခနှင့် ခရီးသွားလုပ်ငန်းမှရရှိမည့် ဝင်ငွေ
အလမ်း အလွန်နည်းပါးကြောင်းကို စိစစ်တွေ့ရှိ
အပါအဝင် အခြားသင့်လျော်သည့်နေရာများတွင်
ထိုင်းနိုင်ငံဘက်မှ ဆွေးနွေးလာပါကမူ လက်ခံ

တရုတ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စ
အပါအဝင် ဒေသတွင်း ကုန်သွယ်မှုလုပ်ငန်းများ
အတွက်လည်းကောင်း၊ မလက္ကာရေလက်ကြားမှတ
ပင်လယ်ရေကြောင်းလမ်းခရီး တိုတောင်းသွား
ယခုအခါ ထားဝယ်ရေနက်ဆိပ်ကမ်းပါဝင်သော
စီမံကိန်းကြီးကို စတင်အကောင်အထည်ဖော် ဆေ
ဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှ
''မြစ်များ၊ ချောင်းများတစ်လျှောက် စည်းကမ်းမဲ့
ရွှေသတ္တုတူးဖော်ခြင်း၊ သယံဇာတထုတ်ယူခြင်း
ညီညွတ်စေရန် စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်
များ ထိရောက်စွာပြုလုပ်ရန် မဖြစ်မနေလိုအပ်သဖြ
များပြုလုပ်၍ စစ်ဆေးကြပ်မတ်ခြင်း၊ တားမြစ်အ
မလိုက်နာသူများကို ထိထိရောက်ရောက် ဖော်
စသည့် ဥပဒေပိုင်းအရ လက်တွေ့အရေးယူမှုများရှိ
ရေသယံဇာတများမပျက်စီးရေး၊ ရေရှည်တည်တံ့
အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးပေါင်းတာဝန်ယူ
ပင်မစီမံကိန်း(Comprehensive Master Pla
စပ်လျဉ်း၍ **ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွ**
မြန်မာနိုင်ငံ၏ ရေကြောင်းပို့ဆောင်ရေးတွင်
ကြောင်းများအဖြစ် တည်ရှိနေပါကြောင်း၊ မြန်မ
ပျမ်းမျှရွာသွန်းခဲ့သော မိုးရေချိန်လက်မသည် (
ရရှိခဲ့သောမိုးရေထုထည်ပမာဏသည် ကုဗပေသ
ကြောင်း၊ ယင်းမိုးရေများအနက် သံလွင်၊ စစ်
ရခိုင်ပြည်နယ်ရှိ မြစ်ဝများမှတစ်ဆင့် မုတ္တမပင်
ရေထုထည်ပမာဏသည် ကုဗပေ(၂၂)သန်းဖြစ်ပြီး
သည့်မိုးရေ၏ (၃၈)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ က
(၃၆)သန်းသည် အငွေ့ပျံခြင်း၊ မြေထုအတွင်းသို့



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနောင် မေးမြန်းစဉ်။
(သတင်းစဉ်)

မွ
အမှတ်
လွှတ်
ဦးညီ

နိုင်ငံ၏ အဓိကမြစ်ကြီး(၂)စင်းဖြစ်သော ဧ
များတွင် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်စေရေး
မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြ
အထောက်အကူဖြစ်စေမည့် ပြင်ပကုမ္ပဏီအဖွဲ့အ
ကျပ်တည်းသောနေရာတွင် ရေလမ်းကြောင်း
(၂၀၀၈)ခုနှစ်မှစ၍ မြစ်ကြောင်းရှင်းလင်းခြင်းလုပ်
လျက်ရှိပြီး လုပ်ငန်းများဆောင်ရွက်ရင်း ထွက်ရှိလာ
ကျင်ယူခြင်းလုပ်ငန်းများကိုပါ တစ်ပါတည်း
ကြောင်း၊ သို့ရာတွင် လုပ်ငန်းဆောင်ရွက်ရာ၌ သ
နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကြောင်း(Alignment)နှင့် သတ်မှတ်ပုံစံ (Desi
နှင့် သတ်မှတ်စည်းမျဉ်းများအတိုင်း လိုက်နာဆော
ရွှေသတ္တုဩကသ်ကက် တူးဖော်ရန်အတွက်မူ မြစ်
ပေးခြင်းမရှိခဲ့ပါကြောင်း။

၂၀၀၆ ခုနှစ် အောက်တိုဘာလ (၂)ရက်
မြစ်ချောင်းများ မြစ်ကြောင်းပြုပြင်ထိန်းသိမ်း
ဥပဒေကိုပြဌာန်းပြီး လိုအပ်သည့်နေရာများတွင်
သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ခြင်းမရှိသည့်
များအား လုပ်ငန်းရပ်ဆိုင်းခြင်း၊ ပျက်စီးမှုများအား
စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပ
သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့်လည်း နို
မြစ်ချောင်းကြီးများနှင့် ဆည်ရေလှောင်တမံ၏
ထိန်းသိမ်းကာကွယ်ရန်အတွက် သစ်တောဦးစီးဌာန
ဒေသများ အုပ်ချုပ်ရေးဌာနတစ်ခု သီးခြားဖွင့်လှစ်ပြီး
ကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆော

စီစဉ်ဆောင်ရွက်

ထို့ပြင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှ
ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြ
အဖြစ် တာဝန်ယူပြီး ဆက်စပ်ဝန်ကြီးဌာနများမှ
နှင့် တာဝန်ရှိသူများပါဝင်သည့် သဘာဝပတ်ဝန်း
တစ်ရပ်ကို အသစ်ပြန်လည်ဖွဲ့စည်းဆော

အဆိုပါတူးမြောင်းအနေဖြင့် မြန်မာနိုင်ငံ၏ မြေပြင်ပိုင်နက်ကို လုံးဝဖြတ်သန်းသွားရန်မလိုဘဲ၊ ပင်လယ်ကူးသင်္ဘောကြီးများသာ မြန်မာ့ရေပြင်ပိုင်နက်၏တစ်စိတ်တစ်ဒေသကို အသုံးပြုရန်လိုအပ်မည်ဖြစ်ရာ တူးမြောင်းဖြတ်သန်းခနှင့် ခရီးသွားလုပ်ငန်းမှရရှိမည့် ဝင်ငွေအကျိုးအမြတ်ရရှိရန် အခွင့်အလမ်း အလွန်နည်းပါးကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ အဆိုပြုနေရာအပါအဝင် အခြားသင့်လျော်သည့်နေရာများတွင် တူးမြောင်းဖောက်လုပ်ရန် ထိုင်းနိုင်ငံဘက်မှ ဆွေးနွေးလာပါကမူ လက်ခံဆွေးနွေးသင့်ပါကြောင်း။

တရုတ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စသည့်မဲခေါင်ဒေသခွဲနိုင်ငံများအပါအဝင် ဒေသတွင်း ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ မလက္ကာရေလက်ကြားမှတစ်ဆင့် ဖြတ်သန်းနေရသည့် ပင်လယ်ရေကြောင်းလမ်းခရီး တိုတောင်းသွားစေရေးအတွက်လည်းကောင်း၊ ယခုအခါ ထားဝယ်ရေနက်ဆိပ်ကမ်းပါဝင်သော ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကြီးကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ၏ **"မြစ်များ၊ ချောင်းများတစ်လျှောက် စည်းကမ်းမဲ့ ရွှေကျင်ခြင်း၊ အလွန်အကျွံ ရွှေသတ္တုတူးဖော်ခြင်း၊ သယံဇာတထုတ်ယူခြင်းတို့ကို တည်ဆဲဥပဒေများနှင့် ညီညွတ်စေရန် စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ခြင်း၊ တားမြစ်အရေးယူခြင်းများ ထိရောက်စွာပြုလုပ်ရန် မဖြစ်မနေလိုအပ်သဖြင့် ညှိနှိုင်းပေါင်းစပ်အဖြေရှာမှုများပြုလုပ်၍ စစ်ဆေးကြပ်မတ်ခြင်း၊ တားမြစ်အရေးယူခြင်း၊ ဥပဒေစည်းကမ်းမလိုက်နာသူများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူအပြစ်ပေးခြင်း စသည့် ဥပဒေပိုင်းအရ လက်တွေ့အရေးယူမှုများရှိ/ မရှိနှင့် မြစ်ချောင်းများ၏ ရေသယံဇာတများမပျက်စီးရေး၊ ရေရှည်တည်တံ့ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးပေါင်းတာဝန်ယူသော မြစ်ချောင်းထိန်းသိမ်းရေး ပင်မစီမံကိန်း(Comprehensive Master Plan) ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ **ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်နှင့် ငဝန်မြစ်တို့သည် မြန်မာနိုင်ငံ၏ ရေကြောင်းပို့ဆောင်ရေးတွင် သဘာဝမှပေးသည့် ရေလမ်းကြောင်းများအဖြစ် တည်ရှိနေပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် နှစ်စဉ်ပျမ်းမျှရွာသွန်းခဲ့သော မိုးရေချိန်လက်မသည် (၈၉ ဒသမ ၀၇)လက်မရှိပြီး ရရှိခဲ့သောမိုးရေထုထည်ပမာဏသည် ကုဗပေသန်းပေါင်း (၅၈)သန်းဖြစ်ပါကြောင်း၊ ယင်းမိုးရေများအနက် သံလွင်၊ စစ်တောင်း၊ ဧရာဝတီ၊ ငဝန်နှင့် ရခိုင်ပြည်နယ်ရှိ မြစ်ဝများမှတစ်ဆင့် မုတ္တမပင်လယ်အတွင်းသို့ စီးဝင်သော ရေထုထည်ပမာဏသည် ကုဗပေ(၂၂)သန်းဖြစ်ပြီး ၎င်းသည် တစ်နိုင်ငံလုံးရရှိသည့်မိုးရေ၏ (၃၈)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ကျန်(၆၂)ရာခိုင်နှုန်း၊ ကုဗပေ(၃၆)သန်းသည် အငွေ့ပျံခြင်း၊ မြေထုအတွင်းသို့ စိမ့်ဝင်ခဲ့ပါကြောင်း။**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနောင် မေးမြန်းစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညီညီထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

နိုင်ငံ၏ အဓိကမြစ်ကြီး(၂)စင်းဖြစ်သော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်များတွင် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တစ်ဖက်တစ်လမ်းမှလည်း အထောက်အကူဖြစ်စေမည့် ပြင်ပကုမ္ပဏီအဖွဲ့အစည်းများကို ရေကြောင်းကျပ်တည်းသောနေရာတွင် ရေလမ်းကြောင်း ကောင်းမွန်စေရေးအတွက် (၂၀၀၈)ခုနှစ်မှစ၍ မြစ်ကြောင်းရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုလျက်ရှိပြီး လုပ်ငန်းများဆောင်ရွက်ရင်း ထွက်ရှိလာသော တူးစာများမှ ရွှေသတ္တုကျင်ယူခြင်းလုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်ခွင့်ပြုလျက်ရှိပါကြောင်း၊ သို့ရာတွင် လုပ်ငန်းဆောင်ရွက်ရာ၌ သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတ်မှတ်ပေးသည့် လမ်းကြောင်း(Alignment)နှင့် သတ်မှတ်ပုံစံ (Design)အတိုင်းသာ တူးဖော်ရန်နှင့် သတ်မှတ်စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် ခွင့်ပြုပေးထားပြီး ရွှေသတ္တုသက်သက် တူးဖော်ရန်အတွက်မူ မြစ်ချောင်းများအတွင်း ခွင့်ပြုပေးခြင်းမရှိခဲ့ပါကြောင်း။

၂၀၀၆ ခုနှစ် အောက်တိုဘာလ (၂)ရက်နေ့တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ဥပဒေကိုပြဋ္ဌာန်းပြီး လိုအပ်သည့်နေရာများတွင် ကွင်းဆင်းစစ်ဆေးလျက် သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ခြင်းမရှိသည့် ပြင်ပကုမ္ပဏီအဖွဲ့အစည်းများအား လုပ်ငန်းရပ်ဆိုင်းခြင်း၊ ပျက်စီးမှုများအား ပြန်လည်ပြုပြင်စေခြင်းများ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်အတွင်းရှိ အဓိက မြစ်ချောင်းကြီးများနှင့် ဆည်ရေလှောင်တမံ၏ ရေဝေရေလဲဒေသများကို ထိန်းသိမ်းကာကွယ်ရန်အတွက် သစ်တောဦးစီးဌာနလက်အောက်တွင် ရေဝေရေလဲဒေသများ အုပ်ချုပ်ရေးဌာနတစ်ခု သီးခြားဖွင့်လှစ်ပြီး ရေဝေရေလဲ ဒေသထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း။

စီစဉ်ဆောင်ရွက်

ထို့ပြင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ဆက်စပ်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများပါဝင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတစ်ရပ်ကို အသစ်ပြန်လည်ဖွဲ့စည်းဆောင်ရွက်သည့်နည်းတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်းရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွင်း အဓိကအရေးပါသည့် မြစ်ကြီးများ၊ ဆည်ရေလှောင်တမံများ၏ ရေဝေရေလဲဒေသများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မြစ်ချောင်းများ၏ ရေသယံဇာတများ မပျက်စီးရေး၊ ရေရှည်တည်တံ့ရေးအတွက် မြစ်ချောင်းထိန်းသိမ်းရေး ပင်မစီမံကိန်း (Comprehensive Master Plan)အား လုပ်ငန်းလိုအပ်ချက်နှင့်အညီ ရေးဆွဲသွားမည် ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းသည် နိုင်ငံတော်အတွက် အလွန်အကျိုးရှိမည်ဖြစ်သော်လည်း လုပ်ငန်းပမာဏကြီးမားခြင်း၊ ကုန်ကျစရိတ်များပြားခြင်းတို့ကြောင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရေတို ရေရှည် စီမံကိန်းများချမှတ်၍ ပြည်တွင်းပြည်ပ ပညာရှင်များဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်သွားနိုင်ရေးအတွက် အစီအစဉ်များ ရေးဆွဲလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၏ **"မာန်အောင်မြို့နေ ပြည်သူများ၏ သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေလွယ်ကူရေးအတွက် လက်ရှိလေယာဉ်ကွင်းအား ပြန်လည်ပြုပြင်မွမ်းမံတိုးချဲ့ပြီး လေယာဉ်ခရီးစဉ်များပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မာန်အောင် (စမုံတဲ) လေယာဉ်ကွင်းသည် ၁၉၆၉ ခုနှစ်တွင် လေယာဉ်ပြေးလမ်း အလျားပေ(၃၀၀၀)၊ အနံ (၇၅)ပေရှိခဲ့ပြီး ပြေးလမ်းမျက်နှာပြင်မှာ ကျောက်စရစ်နှင့် မြေသားရော (၂)လက်မထု ခင်းထားပါကြောင်း၊ ၁၉၆၉ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ဒါကိုတာလေယာဉ်များ (၁)ပတ် (၂)ကြိမ်ဆင်းသက်ခဲ့ပြီး ၁၉၇၉ မှ ၁၉၈၅ အထိ ပွင့်လင်းရာသီတွင် တွင်အော်တာလေယာဉ်များ(၁)ပတ် (၂)ကြိမ် ဆင်းသက်ခဲ့ပါကြောင်း။

ထို့နောက် F-27 လေယာဉ်များဆင်းသက်ရန်အတွက် လိုအပ်သော ပြေးလမ်းအရှည် ပေ(၄၀၀၀) ရရှိရန် ဆက်လက်တိုးချဲ့တည်ဆောက်ခဲ့ရာ ၁၉၉၀-၁၉၉၁ ခုနှစ်တွင် အလျားပေ (၃၇၀၀)၊ အနံ (၇၅)ပေ၊ ထု (၁၂) လက်မ ရရှိခဲ့ပါကြောင်း၊ သို့သော် ရာသီဥတုဒဏ်ကြောင့်လည်းကောင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ မဆောင်ရွက်ခဲ့ခြင်းကြောင့်လည်းကောင်း လက်ရှိလေယာဉ်ပြေးလမ်းပေါ်တွင် လေယာဉ် ဆင်း/တက်၍ မရနိုင်ပါကြောင်း၊ လေယာဉ်ပြေးလမ်းအား အလျားပေ (၇၈၀၀)၊ အနံပေ (၆၀၀) အထိ တိုးချဲ့ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆင်းသက်အသုံးပြုနိုင်

ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်းရှိသည့်အတွက် ကျောက်ဖြူလေယာဉ်ကွင်း၏ လက်ရှိလေယာဉ်ပြေးလမ်းအလျားပေ(၄၆၂၀)၊ အနံပေ (၁၀၀) အား တိုးချဲ့တည်ဆောက်လျက်ရှိရာ လာမည့်(၂)နှစ်အတွင်း ကျောက်ဖြူလေယာဉ်ပြေးလမ်းမှာ အလျားပေ (၇၀၀၀)၊ အနံပေ (၁၀၀)ရှိလာမည်ဖြစ်ပြီး F-28 ကဲ့သို့ ဂျက်လေယာဉ်များ ဆင်းသက်အသုံးပြုနိုင်မည် ဖြစ်ပါကြောင်း။

မာန်အောင် (စမုံတဲ)လေယာဉ်ကွင်းသည် ကျောက်ဖြူလေယာဉ်ကွင်းနှင့် (၃၆)မိုင်အကွာတွင်သာရှိသည့်အတွက် ပြေးလမ်းအရှည်ပေ (၄၀၀၀)အထက်ရှည်လျားသည့် လေယာဉ်ကွင်းတစ်ခု တည်ဆောက်သွားရန်မလိုအပ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ပါက ခရီးသည်လိုက်ပါစီးနင်းမှုအပေါ်မူတည်၍ ဝန်ကြီးဌာနအနေဖြင့် လေယာဉ်ငယ်များဝယ်ယူပြီး နယ်လေဆိပ်ရှိ ကွင်းတိုများသို့ ပျံသန်းပြေးဆွဲသွားရန် အစီအစဉ်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် (၇)ဦးတို့က ပညာရေးဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **"အခြေခံပညာဦးစီးဌာန အထက်တန်းအဆင့်နှင့် အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ကျောင်းများ၌ ပညာသင်ကြားရာတွင် ဘာသာရပ်အများစုကို ကျောင်းသားများ နားလည်နိုင်မှု၊ စိတ်ဝင်စားမှုများ တိုးတက်စေရန်အတွက် မဟာဘွဲ့နှင့်အထက်မှလွဲ၍ ကျန် သာမန်ဘွဲ့များအတွက် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာ တစ်နည်းအားဖြင့် ဝေါဟာရများကို အင်္ဂလိပ်ဘာသာ အဓိပ္ပာယ်ရှင်းလင်းချက်များကို မြန်မာဘာသာဖြင့် သင်ကြားမှု၊ စစ်ဆေးမှုများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ **နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးအတွက် ၁၉၈၀ ခုနှစ်မှစ၍ အဆင့်မြင့်ပညာသင်တန်းများတွင် သင်ကြားမှုဘာသာစကား (Medium of Instruction) အဖြစ် အင်္ဂလိပ်ဘာသာကို အသုံးပြုရန် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ အခြေခံပညာအဆင့်သင်ယူပြီးမြောက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများအနေဖြင့် တက္ကသိုလ်ပညာ ဆက်လက်သင်ယူနိုင်ရေးအတွက် အဆင်သင့်ဖြစ်ရန် လိုအပ်သဖြင့် ၁၉၈၆-၁၉၈၇ ပညာသင်နှစ်မှစတင်၍ အထက်တန်းအဆင့်တွင် သင်္ချာနှင့်သိပ္ပံဘာသာရပ်များကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုသင်ကြားခဲ့ပါကြောင်း။**

အထက်တန်းအဆင့် အတန်းများတွင်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် ဘွဲ့ကြိုတန်းများတွင်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသည့် ဘာသာရပ်သင်ခန်းစာများကို ဆရာ၊ ဆရာမများက အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် ကျောင်းသား၊ ကျောင်းသူများ နားလည်သဘောပေါက်သည်အထိ ရှင်းလင်းသင်ကြားပြီးမှ အင်္ဂလိပ်ဘာသာဖြင့် ရေးမှတ်စေခြင်း၊ စာမေးပွဲစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသဖြင့် အင်္ဂလိပ်စာအားနည်းမှုကြောင့် ဘာသာရပ်တတ်ကျွမ်းမှုကို ထိခိုက်မှုမရှိပါကြောင်း၊ သို့ရာတွင် မိမိကိုယ်တိုင်နားလည်သဘောပေါက်ထားသည့်အတိုင်း မေးခွန်းများကိုပြန်လည်ဖြေဆိုရာတွင် အားနည်းမှုရှိနိုင်ပါကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များတွင် နိုင်ငံတကာသုံး ဘာသာစကားတစ်ခုခုကို သင်ကြားမှုဘာသာစကားအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသဖြင့် သင်ကြားမည့် ဘာသာရပ်သင်ခန်းစာများကို အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် ပြုစုသင်ကြားပါက နိုင်ငံတကာတက္ကသိုလ်စံနှုန်းအရ အဆင့်နိမ့်ကျသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဆင့်မြင့်ပညာအဆင့် တက္ကသိုလ်သင်တန်းများအတွက် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် သင်ကြားစစ်ဆေးမှုပြုလုပ်ရန် အစီအစဉ်မရှိပါကြောင်းနှင့် အထက်တန်းအဆင့်တွင် အင်္ဂလိပ်ဘာသာဖြင့် ကျွမ်းကျင်စွာ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားရန် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်၏ **"ဆရာ၊ ဆရာမများ ကိုယ်တိုင်သင် ကိုယ်တိုင်စစ်မေးသောစနစ်တွင် အားနည်းချက်များ ရှိနေပါသဖြင့် မည်သို့သောအစီအစဉ်များဖြင့် ဖြေရှင်းသွားနိုင်မည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့် **"ဆရာ၊ ဆရာမများ ကျူရှင်သင်နေသည့် ကိစ္စနှင့်ပတ်သက်၍ မကန့်သတ်၊ မတားဆီးနိုင်ပါက မည်သို့သောမူဝါဒများဖြင့် ဥပဒေများပြဋ္ဌာန်းပြီး ပြုလုပ်ဆောင်ရွက်ဖြေရှင်းသွားမည်ကို သိရှိလိုပါကြောင်း"** မေးခွန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ အခြေခံပညာကဏ္ဍတွင် စာမေးပွဲစနစ် အလွန်အကျွံလွှမ်းမိုးမှုကြောင့် ကျောင်းသားကျောင်းသူများ၏ အတန်းကျနှုန်းနှင့် ကျောင်းထွက်နှုန်းများ မြင့်မားခဲ့သဖြင့် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့၏ နောက်ဆုံးအတန်းများကို စာစစ်ဘုတ်အဖွဲ့များဖြင့် စစ်ဆေးခြင်းမပြုတော့ဘဲ သက်ဆိုင်ရာကျောင်းအလိုက် စစ်ဆေးခွင့်ပြုထားပါကြောင်း။

အခြေခံပညာအတန်းစဉ်အလိုက် ဘာသာရပ်သင်ခန်းစာများကို လပိုင်းမာတိကာနှင့်အညီ သင်ကြားပေးနိုင်ရန် သတ်မှတ်ပေးထားသော်လည်း ပညာသင်နှစ်အတွင်း အကြောင်းအမျိုးမျိုးဖြင့် ပျက်ကွက်သည့် ဆရာ၊ ဆရာမ အချို့သည် ဘာသာရပ်သင်ခန်းစာများကို လျှော့ပေါ့သင်ကြားပြီး သင်ကြားပြီးသည့် သင်ခန်းစာဆိုင်ရာ မေးခွန်းများပြုစု၍ ပညာရည်စစ်ဆေးတိုင်းတာမှုများ ပြုလုပ်ခြင်းအားဖြင့် အရည်အသွေးနိမ့်ကျနေကြောင်း တွေ့ရှိရသဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးနှင့် အတန်းစဉ်တက်ရောက်ခွင့်ရရှိရေးတို့အတွက် အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့၏ နောက်ဆုံးအတန်းများကို ဘုတ်အဖွဲ့များဖြင့် စစ်ဆေးတိုင်းတာ သတ်မှတ်ရန် သင့်/မသင့် ပြန်လည်စိစစ် သုံးသပ်ဆဲဖြစ်ကြောင်းနှင့် ပြောင်းလဲစစ်ဆေးမည့် စစ်ဆေးတိုင်းတာမှု အစီအစဉ်ကို နိုင်ငံတော်၏ ပဉ္စမကာလတို(၅)နှစ်အတွင်း ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းပါကြောင်း။

စိစစ်အရေးယူ

ဆရာ၊ ဆရာမများ ကျူရှင်သင်နေသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဘာသာရပ် ကိုယ်ပိုင်သင်တန်းဥပဒေကို ၁၉၈၄ ခုနှစ်က စတင်ပြဋ္ဌာန်းခဲ့ရာ ကိုယ်ပိုင်အကျိုးစီးပွားအလို့ငှာ သင်ကြားပေးသည့်သင်တန်းများအတွက်သာ သတ်မှတ်ထားခြင်းဖြစ်၍ ဆရာ၊ ဆရာမ တစ်ဦးဦးက စေတနာ၊ မေတ္တာဖြင့် သင်ကြားနေသည့် ကျောင်းသားတစ်ဦးဦးအား မိမိအကျိုးစီးပွားအတွက်မဟုတ်ဘဲ ကျောင်းသား၏ နားလည်တတ်ကျွမ်းမှုရရှိစေရန် သင်ကြားပေးခြင်းသည် ဤဥပဒေနှင့်အကျုံးမဝင်ဟု သတ်မှတ်နိုင်ပါကြောင်း၊ အဆိုပါ ဥပဒေထုတ်ပြန်ပြီးနောက် ပညာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဆရာ၊ ဆရာမများအား ကိုယ်ပိုင်သင်တန်းတစ်ခုခုတွင် သင်တန်းဆရာအဖြစ် လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ထားသဖြင့် စာသင်ခန်းပြင်ပတွင် ကျောင်းသားများအား စုစည်းသင်ကြားပေးပါက ဌာနဆိုင်ရာတားမြစ်ချက်ကို ဖောက်ဖျက်မှုဖြင့်လည်းကောင်း၊ သင်တန်းဆရာမှတ်ပုံတင်လက်မှတ်မရှိဘဲ သင်ကြားမှုဖြင့်လည်းကောင်း အရေးယူနိုင်ပါကြောင်း၊ စေတနာ၊ မေတ္တာအလျောက်ဖြစ်စေ၊ အခကြေးငွေယူ၍ဖြစ်စေ ဆရာ၊ ဆရာမက သင်ကြားပေးနေသော်လည်း ခေါ်ယူစစ်ဆေးချိန်တွင် နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ ထွက်ဆိုကြသဖြင့် အရေးယူနိုင်လောက်သည့် အထောက်အထားရရှိရန် ခက်ခဲပါကြောင်း၊ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် အခြေခံပညာ ဆရာ၊ ဆရာမများ၏ ဆရာအတတ်ပညာ အရည်အချင်း၊ စွမ်းအားစိုက်ထုတ်မှုနှင့် ခံစားခွင့်လစာ၊ အမှုထမ်းရာထူးအဆင့် တစ်ခုမှတစ်ခုသို့ တိုးမြှင့်ပေးရန် ကြာမြင့်သည့်ကာလတို့အပေါ်မူတည်၍ ရာထူးအဆင့်တစ်ခုအတွင်းမှာပင် ကျွမ်းကျင်မှုအရည်အချင်းများ သတ်မှတ်ခံစားခွင့်ပြုခြင်း၊ အချိန်ပိုသင်ချိန်များအတွက် ချီးမြှင့်ငွေသတ်မှတ်ပေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ အစီအစဉ်ဖြင့် ထောက်ပံ့ပေးခြင်းများကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၏ ကျူရှင်သင်ကြားသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်သတ်တားဆီးနိုင်မည့် ဥပဒေကို လောလောဆယ်ထုတ်ပြန်ရန် အစီအစဉ် မရှိသေးပါကြောင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကဲ့သို့ ဆောင်ရွက်နေသည်ဟု ဆရာ၊ ဆရာမများအပေါ် တိုင်ကြားလာမှုများကို စိစစ်အရေးယူ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်၏ **"ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် မိုးညှင်းမြို့တွင် အခြေခံပညာအလယ်တန်းကျောင်းတစ်ကျောင်း လိုအပ်နေပါသဖြင့် ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ **အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အလယ်တန်းအဆင့်တွင် တက်ရောက်နေသော ကျောင်းသား ဦးရေ၊ ၎င်းကိုဝန်းရံထားသည့် မူလတန်းကျောင်းများတွင် တက်ရောက်နေသော ကျောင်းသားဦးရေ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုအခြေအနေနှင့် ကျောင်းဥပစာရပ်တို့ကို စိစစ်၍ ၎င်းအခြေအနေတို့နှင့် ကိုက်ညီသောကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းနှင့်ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့သို့ တင်ပြ၍ ထောက်ခံချက်ရရှိပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အဆင့်တိုးမြှင့်ဖွင့်လှစ်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုးညှင်းမြို့နယ်တွင် ဒေသခံကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာအထက်တန်းကျောင်း (၅)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၉)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၇)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၁၀)ကျောင်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း (၃၆)ကျောင်းတို့ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၍ အခြေခံပညာအလယ်တန်းကျောင်း ထပ်မံတိုးမြှင့်ဖွင့်လှစ်နိုင်ရေးကိစ္စကို အလယ်တန်းအဆင့် ကျောင်းသားဦးရေ တိုးတက်မှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့်** ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညိုထွန်း၏ **"အခြေခံပညာရေးကဏ္ဍတွင် အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးတာဝန်များကို ထမ်းဆောင်လျက်ရှိကြသော အလယ်တန်းကျောင်းအုပ် ဆရာကြီး/ ဆရာမကြီးများအား အခြေခံပညာရုံးချုပ်များတွင်သာရှိသည့် ဦးစီးမှူးရာထူးနှင့် အဆင့်တူရာထူးအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဝန်ထမ်းရာထူးသတ်မှတ်ရာတွင် ပညာရှင်ဝန်ထမ်းနှင့် ကျွမ်းကျင်ဝန်ထမ်းအဖြစ် အုပ်စုနှစ်ခုခွဲခြားထားပါ၍ ပညာရှင်ဝန်ထမ်းအနေဖြင့် ကျွမ်းကျင်ဝန်ထမ်း၏ အရည်အချင်းများ ပြည့်မီပါက ကျွမ်းကျင်ဝန်ထမ်းအဖြစ် လစာနှုန်းတူ ကူးပြောင်းခွင့်ရှိပြီး သက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်း၏ရာထူးအဆင့်တွင် လုပ်သက်နှင့်ကျွမ်းကျင်မှုတို့ ကျေနပ်ဖွယ်ရှိပါက တစ်ဆင့်မြင့်ကျွမ်းကျင်ရာထူးသို့ တိုးမြှင့်ခံစားခွင့်ရရှိနိုင်ပါကြောင်း။

ခံစားခွင့်ပြုထား

ပညာရှင်အုပ်စုအတွက် အထက်တန်းကျောင်းအုပ်ကို အရာရှိငယ်လစာနှုန်း ရာထူးအဖြစ် သတ်မှတ်ထားသဖြင့် အလယ်တန်းကျောင်းအုပ်အား အထက်တန်းပြလစာနှုန်းအတိုင်း ခံစားခွင့်ပြုထားခြင်းဖြစ်ပြီး အလယ်တန်း ကျောင်းအုပ်အား လစာနှုန်းတစ်ခုကိုကျော်၍ အထက်တန်းကျောင်းအုပ်ရာထူးသို့ တိုက်ရိုက်တိုးမြှင့်ခန့်ထားပေးနိုင်ပါကြောင်း၊ ကျွမ်းကျင်အုပ်စုရှိ ဌာနခွဲစာရေး/ဒုဦးစီးမှူးတစ်ဦးသည် ရုံးအုပ်/ဦးစီးမှူးရာထူးရရှိပြီးမှသာ ဦးစီးအရာရှိရာထူးသို့ တိုးမြှင့်ခန့်ထားပေးနိုင်ပါ၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ အလယ်တန်းကျောင်းအုပ်ရာထူးနေရာ (၂၂၂၆)ဦး၊ အထက်တန်းကျောင်းအုပ်ရာထူးနေရာ (၁၂၁၁)ဦးခွင့်ပြုထားပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်၏ ဝန်ထမ်းအမျိုးအစားအလိုက် လစာနှုန်းသတ်မှတ်ချက်အရ အလယ်တန်းကျောင်းအုပ်များအား ဦးစီးမှူးရာထူးလစာနှုန်းသို့ တိုးမြှင့်ခံစားခွင့်ပြုရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းတို့တွင် ကာယပညာ၊ ပန်းချီပညာ၊ အနုပညာတို့နှင့် သက်ဆိုင်သောဘာသာရပ်အလိုက် သင်ကြားပေးနိုင်မည့် ဆရာများခန့်ထားနိုင်မှုအခြေအနေကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ **ပညာရေးဝန်ကြီးဌာနသည် ပညာရေးကောလိပ်များနှင့် တက္ကသိုလ်များမှ ဆရာ၊ ဆရာမလောင်းများကို သင်တန်းကာလတွင် ကာယပညာ၊ ပန်းချီပညာနှင့် အနုပညာ ပညာရပ်များကို သင်ကြားပေးပြီး အခြေခံပညာကျောင်းအသီးသီးတွင် အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြများအဖြစ် ခန့်ထားတာဝန်ပေးလျက်ရှိပါကြောင်း။**

ပန်းချီပညာနှင့် အနုပညာအတွက် ဖွဲ့စည်းပုံအရ သီးခြားခန့်ထားခြင်းမရှိသော်လည်း ပညာရေးကောလိပ်နှင့် ပညာရေးတက္ကသိုလ်သင်တန်းဆင်း ဆရာ၊ ဆရာမအားလုံး အခြေခံပညာကျောင်းများတွင်ရှိပြီး မူလတန်းဆင့်တွင် တစ်ပတ်လျှင် ရသပညာစာသင်ချိန် (၃)ချိန်နှင့် တစ်နှစ်အတွက်(၁၀၈)ချိန်၊ အလယ်တန်းနှင့်အထက်တန်းအဆင့်တွင် တစ်ပတ်လျှင် ရသပညာစာသင်ချိန် (၁)ချိန်နှင့် တစ်နှစ်အတွက် (၃၆)ချိန် ခွဲဝေထားသဖြင့် ရသပညာသင်ကြားရန် အချိန်များတွင် ပန်းချီ/အနုပညာကို သင်ကြားနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း။

ဆရာအတတ်သင်သိပ္ပံများတွင် ၁၉၈၅ ခုနှစ်မှစ၍ ကာယဆရာသင်တန်း (၈)ကြိမ်ဖွင့်လှစ်၍ ကာယဆရာ (၄၉၀၀)၊ ၂၀၀၁ ခုနှစ်မှစ၍ ပညာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် သင်တန်း(၂)ကြိမ် (၈၀၀) ဦး၊ အမှတ်(၁)အခြေခံပညာဦးစီးဌာနအစီအစဉ်ဖြင့် သင်တန်း (၃)ကြိမ် (၅၅၀)ဦး၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနအစီအစဉ်ဖြင့် သင်တန်း(၃)ကြိမ် (၆၀၀)ဦး၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနအစီအစဉ်ဖြင့် သင်တန်း(၄)ကြိမ် (၆၀၀)ဦး၊ စုစုပေါင်း ကာယဆရာ (၇၄၅၀) လေ့ကျင့်သင်တန်းပေး ခန့်ထားခဲ့သော်လည်း အငြိမ်းစားယူခြင်း၊ ကာယဆရာမှ ဘာသာရပ်သင်ဆရာသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းများ ရှိခဲ့သဖြင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ကြိုဆိုပါသည်၊ ကျေနပ်နေသည်

မောင်မုဒိတာ

ယခုနှစ် မိုးတွင်းသည် ယခင်နှစ်များနှင့်မတူ။ မိုးပိုမိုများသည်ဟုထင်သည်။ ယခုလည်းကြည့်။ ရန်ကုန်မိုး အစိုးမရဟု ပြောရမလို။ မစွေတဲ့ရွာသည့် စနေမိုးက မနက်မလင်းခင်ကတည်းက အုံ့ဆိုင်းညို့မှိုင်းကာ ဖွဲဖွဲ ဖွဲဖွဲနှင့် ရွာလို့ကောင်းဆဲ။ ယနေ့ စက်တင်ဘာ ၃ ရက် (စနေနေ့) သောကြာနေ့ကတည်းက ဒီနေ့အတွက် ကြိုတင်ပြင်ဆင်ထားသည်များကို စနေမိုးကြောင့်တော့ အပျက်မခံလို။

ကျွန်တော်က ဝန်ကြီးဌာနတစ်ခုမှ သက်ပြည့်ပင်စင်ယူထားသည့် အငြိမ်းစားတစ်ဦး။ အသက်(၇၀)ပင်ပြည့်တော့မည်။ အငြိမ်းစားယူတော့ အရင်လက်ငုတ်လက်ရင်း မှော်ဘီကခြံကလေးမှာ သစ်ပင်၊ ပန်းပင်လေးတွေ တစ်ပိုင်တစ်နိုင်စိုက်ရင်း အေးချမ်းစွာ နေထိုင်သူ။ သားသမီးများက အလုပ်ကိုယ်စီဖြင့် တခြားမှာ။ ယခုလည်း မြောက်ဥက္ကလာပတွင်ရှိသည့် သမီးနှင့်မြေးဆီ မရောက်တာကြာပြီဖြစ်လို့ ဒီစနေ ရုံးပိတ်ရက်သွားမည်ဟု အားခဲထားရာမှ မိုးကသဲကြီးမဲကြီးဖြစ်နေသည့်အတွက် စီမံချက်ဖျက်ရတော့မလိုဖြစ်နေသည်။

သမီးနှင့်မြေးကိုတွေ့မည့် စီမံချက်တော့ အပျက်မခံနိုင်။ မိုးနည်းနည်းစဲသည်နှင့် ကျွန်တော်၏စီးတော်ယာဉ် (သ)အက္ခရာ ဗင်ကားလေးကို ကိုယ်တိုင်မောင်းရင်း ဖြည်းဖြည်းချင်းထွက်ခဲ့သည်။ အသက်ကြီးပြီဆိုတော့ ယခင်ကလို စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။ သမီးနှင့်မြေးအတွက် မှော်ဘီခြံထွက် သဘော်သီးနှင့် ဘုရားပန်းများ ယူလာခဲ့သည်။

မြောက်ဥက္ကလာပဆေးတက္ကသိုလ်(၂) ရှေ့ရောက်တော့ မိုးက ပို၍သည်းလာသည်။ ပါဝါမျက်မှန်ထူထူအောက်က ကားရေသုတ်တံ၏ မနိုင်မနင်း ရှင်းလင်းပေးမှုကို အားပြုကြည့်ရင်း ဘီးလိမ့်ရုံသာမောင်းလာခဲ့ရာမှ နောက်ဆုံး လုံးဝမမြင်တော့သည့်အဆုံး ကားကို လမ်းဘေးချရပ်လိုက်ရသည်။ နည်းနည်းလေး မြင်ကွင်းကြည်လာတော့ ဘေးဘီကို ကြည့်လိုက်မိသည်။ လမ်းဘေးတွင် မြောက်ဥက္ကလာပ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး ဝရန်တာတွင် လူအများ ရုတ်ရုတ်ရုတ်ရုတ်၊ ရုံးအတွင်းမှာလည်း လူကအပြည့်၊ ဒီနေ့ စနေရုံးပိတ်ရက်ပါ။ ရုံးပိတ်ရက် မိုးသဲသဲမှာ ဒီရုံးက ဘာတွေလုပ်နေပါလဲဟု တွေးရင်း ကျွန်တော်လည်း ခဏဖြစ်ဖြစ် မိုးခိုမှရမည်ဖြစ်၍ တံခါးဝင်ပေါက်ဝ၌ တွေ့သည့် ဝန်ထမ်းငယ်တစ်ဦးထံခွင့်တောင်းပြီး ရုံးဝရန်တာသို့ မိုးခိုရင်း ဝင်လိုက်မိသည်။ အရောင်စုံ၊ အသွေးစုံ၊ ဝန်းကျင်ကျေးရွာရပ်ကွက်တွေက ဒေသခံတွေက အများစု၊ လူဦးရေက ရာဂဏန်းမျှရှိနေ၍ ကျွန်တော်က ဘေးရှိလူရွယ်တစ်ဦးအား "ဘာတွေလုပ်နေကြတာလဲ"ဟု စပ်စုကြည့်ရာ လဝကအိမ်ထောင်စုစာရင်း၊ ပုံစံ(၁၀)နှင့် မှတ်ပုံတင်လာလျှောက်ကြကြောင်း၊ နေပြည်တော်ရုံးချုပ်က တာဝန်ရှိသူတွေက ရှင်းပြနေကြောင်း သိရတော့သည်။

ကျွန်တော်လည်း အခြေအနေကိုသိချင်လာ၍ ရုံးအတွင်းသို့ လူအုပ်နှင့် ရော၍ ဝင်လိုက်သည်။ လဝကဝန်ထမ်းများက ပုံစံ(၁၀)နှင့် မှတ်ပုံတင်လာလျှောက်သူများကို အုပ်စုတွေခွဲပြီး ပုံစံဇယားတွေရေးသားဖြည့်စွက် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ရယ်လို့မောလို့ ပြင်ပရာသီဥတုကိုပင် မေ့နေကြပြီထင်ရဲ့။ မိုးသံနှင့် လူသံတွေက ရောထွေးနေ၍ ဝန်ထမ်းတွေရဲ့ ရှင်းလင်းပြောဆိုမေးမြန်းမှုများကို ပီပီသသ မကြားရ။ သို့သော် ပြည်သူများ၏ မျက်နှာမှာ ဝမ်းသာကြည်နူးရိပ်များက အထင်အရှား။ အပြင်မှာ မိုးတွေ တအုန်းအုန်းရွာနေပေမယ့် ရုံးခန်းအတွင်းမှာ လူအုပ်က အပြည့်ဆိုတော့ လူငွေ့နဲ့ အိုက်စပ်စပ်၊ စားပွဲဝိုင်းတစ်ခုမှာထိုင်ပြီး ပုံစံတွေပေးနေတဲ့ ဝန်ထမ်းအမျိုးသမီးငယ်ကို လူတွေကဝိုင်းလို့၊ ချွေးစို့နေတဲ့ ဝန်ထမ်းလေးကို ကိုယ်ချင်းစာလို့ ထင်ရဲ့ အမယ်အိုတစ်ယောက်က ဘေးကနေ ယပ်တောင်လေးနဲ့ ခတ်ပေးပြီး သမီးမောနေပြီလားတဲ့. . . ။ မြင်ကွင်းက ကြည်နူးစရာပါလား။ ဒီဝန်ထမ်းတွေက ဒီလို နေ့စဉ်ရက်ဆက်နီးပါး ကွင်းဆင်းဆောင်ရွက်ပေးနေတာ နှစ်လလောက်တောင်ရှိပြီဆိုပဲ။

ကျွန်တော်ပို၍ စိတ်ဝင်စားလာသည်။ အနီးရှိ အသက်(၅၀)ခန့်ရှိသူ တစ်ဦးအား စပ်စုကြည့်မိသည်။ သူက ဦးစိန်မောင်တဲ့။ မြောက်ဥက္ကလာပ (၈)ရပ်ကွက် (၁)လမ်းတွင်နေထိုင်သူ ဆယ်တန်းရောက်နေပြီဖြစ်သည့် သားအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားလာလျှောက်ကြောင်း၊ စာရွက်စာတမ်း အထောက်အထား စုံစုံလင်လင်ပါလာ၍ မကြာမီ ကတ်ပြားရတော့မည်ဖြစ်ကြောင်း၊ လဝကသို့ ငွေခြောက်ကျပ်သာသွင်းရကြောင်း၊ သူတို့ရပ်ကွက်ထဲကသူတွေ တော်တော်များများက လုပ်ပြီးပြီဖြစ်ကြောင်း၊ သူက အလုပ်မအားလို့ အခုမှလာရကြောင်း ဝမ်းပန်းတသာဖြင့် ပြောပြသည်။ တစ်ဖန် နောက်ဘက်က မိန်းမရွယ်လေးကို ထပ်ပြီး စပ်စုမိပြန်သည်။ မဘေဘီတဲ့။ မြောက်ဥက္ကလာပ(၈)ရပ်ကွက် နီလာ(၃)လမ်းတွင် နေထိုင်ပြီး သမီးဖြစ်သူ မသဥ္ဇာ၏ အသက်(၁၀)နှစ်ပြည့် မှတ်ပုံတင်လာလျှောက်ကြောင်း၊ မနေ့က လာလျှောက်တာ အထောက်အထားပြည့်စုံသည့်အတွက် မကြာမီ ကတ်ပြားရတော့မည်ဖြစ်ကြောင်း၊ အနီးက အမျိုးသမီးတစ်ဦးကတော့ ခုနက သမီးငယ်အတွက် နိုင်ငံသားကတ်လာလုပ်တာ၊ သမီးကြီးအတွက်ကတော့ ကျောင်းမှာ လာလုပ်ပေးသွားလို့ရပြီ၊ နှစ်ယောက်မှ ကတ်ပြားဖိုး ၁၂ ကျပ်ပဲကုန်တယ်၊ ဝမ်းသာလိုက်တာဟု ပြောပါသည်။ ယခင်က မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းပုံစံ(၁၀) ပြုလုပ်ရာတွင် အဆင့်တွေများလွန်းလို့ လချီကြာတတ်ပြီး ဟိုထောက်ခံချက်၊ ဒီထောက်ခံချက်၊ ဟိုအထောက်အထား၊ ဒီအထောက်အထားတွေ ရှာရဖွေရ၊ ခြေကုန်လက်ပန်းကျလို့ ငွေကုန်ကြေးကျလည်း မပြောပါနဲ့တော့။ ယူရတဲ့ အထောက်အထားတွေက များတာကိုး၊ အခုအခါ လဝက က မြန်မြန်နှင့် သက်သာစွာ ဖြေလျှော့ဆောင်ရွက်ပေးနေတယ်လို့ ရွာနီးချုပ်စပ်က ပြောနေတာကိုကြားပြီး အခုလို လာရောက်တာဖြစ်ကြောင်း၊ ကြားသည့်အတိုင်း မှန်နေသဖြင့် ဝမ်းသာကြည်နူးဖြစ်ရပါကြောင်းပြောရင်း ရုံးပိတ်ရက်များ မနားဘဲ ဆောင်ရွက်ပေးသည့် ဝန်ထမ်းများကိုလည်း "မောင်မင်းကြီးသားတွေ ကျန်းမာပါစေ"ဟု ဆုတောင်းပေးနေတာတွေ ကျွန်တော်ကြားခဲ့ရသည်။

ကျွန်တော်ကြည့်နေစဉ်မှာပင် "အမေ၊ ဘာလာလုပ်တာလဲ" ဟု မေးသံကြားလိုက်သဖြင့် လှမ်းကြည့်မိတော့ လဝက ဝန်ထမ်းတစ်ဦးက အဘွားအိုတစ်ဦးကို မေးနေတဲ့အသံ။ မြောက်ဥက္ကလာပ အောင်မင်္ဂလာလမ်းက ဒေါ်အုံးမေတဲ့။ အသက်(၇၂)နှစ်။ လွန်ခဲ့သည့် (၇)နှစ်ခန့်ကပင် နိုင်ငံသားစိစစ်ရေးကတ်ပြားဓာတ်ပုံ မှုန်ဝါးပျက်စီးလာလို့ အသစ်ပြန်လုပ်ဖို့ အချိန်မပေးနိုင်၊ ငွေကုန်ကြေးကျများတာတွေကြောင့် ဒီအတိုင်းပဲ ထားခြင်းဖြစ်ကြောင်း၊ အခုမှ လွယ်လွယ်နဲ့ သက်သာအောင် လုပ်ပေးနေတဲ့စနစ်ကြောင့် ပြန်လည်လျှောက်ထားခြင်းဖြစ်ကြောင်းပြောနေရင်း ဝန်ထမ်းက ကတ်ပြားတွင် လက်ဗွေနှိပ်ခိုင်း၍ စာရင်းရေးသွင်းပြီး "ရော့ အမေ့ကတ်ပြားအသစ်ရပြီ ပလတ်စတစ် သေချာလောင်းပြီး နောက်ထပ်မပျက်စီးအောင် သေချာသိမ်းထားပါနော်" ဟုပြော၍ ကတ်ပြားပေးအပ်ခဲ့ရာ ကျွန်တော်က စပ်စုမိခဲ့ပြန်ပါပြီ။ အမေအိုက ဓာတ်ပုံတို့၊ စာရွက်စာတမ်း၊ အထောက်အထားတွေ မိတ္တူကူးတာတို့ အပြင်ဆိုင်မှာ လုပ်လာပြီး လဝကကိုတော့ သူတို့သတ်မှတ်တဲ့ ပျောက်/ပျက် ဆိုလား အဲ့ဒီအတွက် ငွေတစ်ဆယ်ကျပ်သာပေးရကြောင်း၊ ကတ်ပြားသစ်ရပြီဖြစ်၍ အရမ်းဝမ်းသာကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်လေးကိုကိုင်ရင်း မျက်ရည်ဝဲ့လျက် ပြန်လည်ပြောရှာသည်။ ကျွန်တော်က အံ့သြကြည်နူးစိတ်နဲ့ ငေးကြည့်နေမိသည်။

ကျွန်တော့်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားရှိပါသည်။ ယခင်ကျောင်းသားဘဝက သုံးခေါက်ချိုးမှတ်ပုံတင်လုပ်ခဲ့ပြီး ဝန်ထမ်းဖြစ်ပြီးနောက် နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် ပြန်လည်လဲပေးသဖြင့် ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဘယ်လောက်ကြာလို့ ဘယ်လောက်ကုန်ကျသည်ကို မမှတ်မိတော့။ ဝန်ထမ်းဘဝတွင်လည်း ဌာနက ဝန်ထမ်းကတ်ထုတ်ပေးသဖြင့် မှတ်ပုံတင်ကို သိပ်မထုတ်ဖြစ်၊ သားသမီးများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်တော့ လဝက လုပ်ထုံးလုပ်နည်းအထောက်အထား၊ စာရွက်စာတမ်း၊ ထောက်ခံချက်တွေက အများသား၊ နိုင်ငံသားအရေးဆိုတော့ အမှားအယွင်းမခံနိုင်လို့ ထင်ပါရဲ့။ နိုင်ငံသားအရည်အချင်းပြည့်မီမှု ရှိ၊ မရှိ သိရန်အတွက် မျိုးရိုးစဉ်ဆက် ဇယားကြီးဖြည့်စွက်ရသည်ကိုတော့ အမှတ်ရနေသည်။ သာမန်ပြည်သူများအတွက် ကြားပွဲစားတွေကလည်း လုပ်စားကြသေးသည်။

ယခုတော့ ဒီလိုမဟုတ်တော့ပြီ၊ တာဝန်ရှိသူရဲ့ ရှင်းပြချက်တွင် မှတ်ပုံတင်လုပ်ရန် လိုသည့်အထောက်အထား၊ ထောက်ခံချက်၊ ဓာတ်ပုံ၊ သွေးစစ်ချက်၊ မူရင်းမိတ္တူများ ပြည့်စုံစွာပါရှိပါစေ။ ပုံစံများဖြည့်ပြီး ကတ်ပြားဖိုး ခြောက်ကျပ်သာပေးရမည်။ (၁၀)နှစ်ပြည့်မှ (၁၈)နှစ်ပြည့်၍ ကတ်လဲလျှင် သုံးကျပ်သာ ကုန်ကျမည်။ မျိုးရိုးစဉ်ဆက် အထောက်အထားစိစစ်ပြီး အလွန်ဆုံး ၂၈ ရက်အတွင်းကတ်ပြားထုတ်ပေးမည်။ အထောက်အထား လွယ်ကူပြည့်စုံလျှင် နေ့ချင်းပြီးလည်း ရနိုင်သည်။ ပျောက်ဆုံး၊ ပျက်စီး၍ မိတ္တူလျှောက်လျှင်တော့ တစ်ဆယ်ကျပ်ကျမည်။ အိမ်ထောင်စုလူဦးရေစာရင်း(အရပ်အခေါ်)သန်းခေါင်စာရင်းပြုလုပ်ပါက လိုအပ်သည့်စာရွက်များ စုံအောင်ပါလာလျှင် နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးနေသည်ဆိုတာတွေလည်းကြားနေရသည်။ ရုံးတွင်း၌အများသိရန် စာစောင်များ၊ ကြော်ငြာဆိုင်းဘုတ်များ၊ ကြေညာချက်များ ကပ်ထားသည်ကိုလည်းတွေ့ရသည်။ ယနေ့ခေတ် လက်ဖက်ရည်တစ်ခွက်သည်ပင်လျှင် ဆိုင်ဖော့်နှစ်ရာကျပ်ဖြစ်နေချိန်တွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားအတွက် ခြောက်ကျပ်ဆိုသည့် ငွေက လူတန်းစားအားလုံးအတွက် မည်သို့မျှ စောဒကတက်စရာ လိုတော့မယ်မထင်။

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ထုတ်ပေးရာမှာ သက်ဆိုင်ရာဌာနက ပိုမိုလွယ်ကူလာအောင် ဥပဒေနှင့်အညီ အချက်အချို့ကို ဖြေလျှော့ပေးသည့်စနစ်သစ်ဖြင့် ဆောင်ရွက်နေမှုများ၊ လဝကဝန်ထမ်းများနှင့် တာဝန်ရှိသူများသည် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများ၊ လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်ဒေသများပါမကျန် ကွင်းဆင်းဟောပြော ဆောင်ရွက်နေသည်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်တို့တွင် တွေ့မြင်ကြားသိနေရသည်။ သို့သော် မိမိတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမှာ ရှိပြီးဖြစ်၍ သိပ်စိတ်မဝင်စားမိ။ ဘာသိဘာသာနေမိသည်တော့ အမှန်ပင်။ ယခုတော့ အမှတ်မထင်တွေ့ရသည့် ကိုယ်တွေ့မြင်ကွင်းက မမေ့နိုင်စရာ၊ ကြည်နူးစရာပါလား။

ယခုအခါ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးလည်း ကျင်းပနေချိန် ဖြစ်သည်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူတို့၏အကျိုးအတွက် လိုအပ်ချက်များကို လွှတ်တော်၌ အသီးသီးဆွေးနွေးတင်ပြလျက်ရှိရာ တာဝန်ရှိသူ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားနေသည်ကို ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် ကြည့်ရှုဖတ်မှတ်ရင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရချိန်ဖြစ်ပါသည်။ မကြာသေးခင်ကပင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာနှင့် နိုင်ငံရေးပင်စင်လစာများကို တိုးမြှင့်ခံစားခွင့်ပြုလိုက်သည့်အတွက် ကျွန်တော်အပါအဝင် အငြိမ်းစားဝန်ထမ်းအားလုံး ပျော်မဆုံး၊ မော်မဆုံးဖြင့် အစိုးရသစ်၏ မွန်မြတ်သည့်စေတနာကို လေးစားသမှုပြုနေချိန်လည်း ဖြစ်ပါသည်။

ကျွန်တော်အငြိမ်းစားမယူမီက ဝန်ထမ်းအဖြစ်နဲ့ ကျွန်တော့်ဌာနအလုပ် ကျွန်တော်လုပ်သည်မှာ ဘာမျှမထူးဆန်းပါ။ နိုင်ငံ့ဝန်ထမ်းဖြစ်၍ နိုင်ငံတော်က ပေးသည့် အလုပ်တာဝန်ကို ကျေပွန်အောင် လုပ်ဆောင်ခြင်းသာ။ ယခုလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်မှုသည် လဝကဝန်ထမ်းများက သူ့အလုပ်သူလုပ်ခြင်းသာ ဖြစ်သည်။ မဆန်းဟု ဆိုရမည်သာ။ သို့သော် အစိုးရအဖွဲ့သစ်၏ ထင်သာမြင်သာဖြစ်မှု၊ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ လုပ်ငန်းများ အရှိန်အဟုန်နှင့် ဆောင်ရွက်နေမှု စသည်တို့အား တစုတစည်းတည်း မြင်နေရသဖြင့် မုဒိတာပွားခြင်းသာ ဖြစ်ပါသည်။

ကျွန်တော့်အတွေးစ ရပ်သွားချိန်တွင် မိုးလည်းစဲစပြုပြီ။ မှတ်ပုံတင် လာလျှောက်ကြသူများကတော့ တဖွဲဖွဲဝင်လာဆဲ၊ ချွေးတရွှဲရွှဲနှင့် ဝန်ထမ်းများကလည်း အပြုံးမပျက် ဆောင်ရွက်ပေးလျက်ပင်။ သမီးဆီရောက်ရင် ဒီအကြောင်းတွေ ပြောပြရဦးမည်။ သမီးတင်မက တခြားသူတွေလည်း မျှဝေခံစား မုဒိတာပွားစေချင်သည်။ မျက်မြင်ကိုယ်တွေ့ဆိုတော့ ပြန်မြင်ယောင်ပြီး ဖြစ်အောင်ရေးကာ တခြားသူတွေ သိအောင်လုပ်ရမည်ဟုတွေးရင်း ရုံးအတွင်းကထွက်၍ ဗင်ကားလေးမောင်းပြီး မဝေးတော့သည့် သမီးအိမ်သို့ ခရီးဆက်ခဲ့သည်။

ထက်ကောင်းကင်တွင် တိမ်မည်းညိုတို့ လွင့်စဉ်နေပါပြီကော။ ကြည်လင်ဝင်းပလာသည့် ရောင်ခြည်နုက ကျွန်တော့်ရင်ထဲထိ စူးဝင်လာခဲ့သည်။ မိုးစက်များနှင့်အတူ လေနုအေးကြောင့် အရာအားလုံးသည် လန်းဆန်းလှပနေသယောင်။ ယနေ့ နိုင်ငံတော်ကြီးသည် အဟောင်းအဟောင်းတွေကို ကျော်ဖြတ်၍ ခေတ်သစ်စနစ်သစ်တစ်ခုဆီသို့ အရှိန်အဟုန်ဖြင့် ဝင်ရောက်နေချိန်တွင် အစိုးရအဖွဲ့သစ်၏ သား၊ သမီးဝန်ထမ်းတွေကလည်း ပြည်သူကို အသွင်သစ်နဲ့ ဆက်ဆံဆောင်ရွက်နေတာကို မျက်ဝါးထင်ထင် တွေ့လိုက်ရလို့ ရောင်နီဦးအတွက် မုဒိတာပွားမိခဲ့ပါသည်။

ကြိုဆိုပါသည်။ ကျေနပ်နေသည်။ အပြုသဘောဖြင့် မုဒိတာပွားနိုင်ကြပါစေဟု တွေးရင်း တွေးရင်းဖြင့်. . . .။ ။

စာမျက်နှာ ၉ မှ

ယခုအခါ အထက်တန်းကျောင်းများတွင် ကာယဆရာ (၉၉၄) ဦးနှင့် အလယ်တန်းကျောင်းများတွင် ကာယဆရာ (၁၅၁၈)ဦး ခန့်ထားပြီး သင်ကြားပေးလျက်ရှိသည့်အပြင် နှစ်စဉ်အခြေခံပညာဦးစီးဌာနအလိုက်လည်း ဖွဲ့စည်းပုံအရ လစ်လပ်သောကာယဆရာများ ပြည့်မီရေးအတွက် ကာယဆရာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေပါကြောင်းဖြင့် ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးထွန်းမြင့်၏ "**ကျေးရွာအသစ်များအဖြစ် သတ်မှတ်ပေးခဲ့သော ထီးချိုင့်မြို့နယ် သစ်တောဧရိယာအတွင်းရှိ (၁)ဟသ်ာကျေးရွာ၊ (၂)နန်းပေါင်းကျေးရွာ၊ (၃)ရေဖြူလွင်ကျေးရွာ၊ (၄)ကျစ်ကြီးကျေးရွာများရှိ (၁၀)နှစ်ကျော်ရှိပြီးဖြစ်သည့် တွဲဖက်အခြေခံပညာမူလတန်းကျောင်းများကို အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ**" မေးခွန်းနှင့် "**ကျေးရွာမသတ်မှတ်သေးသော်လည်း လူနေအိမ်ခြေ (၅၀)ကျော် စုမိနေသည့် သစ်တောဧရိယာအတွင်းရှိ ဒေသများဖြစ်သော (၁)အေးချမ်းလွင်စုရပ်၊ (၂)သစ်ဆုံအင်းစုရပ်များတွင် (၁၀)နှစ်ကျော်ရှိပြီးဖြစ်သည့် တွဲဖက်အခြေခံပညာမူလတန်းကျောင်းများကို အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ**" မေးခွန်းများနှင့်စပ်လျဉ်း၍ **အခြေခံပညာကျောင်း ဖွင့်လှစ်မည်ဆိုပါက အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၁)ကျောင်းလျှင် မြေ(၃)ဧက လိုအပ်မည်ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်းရှိ ဟသ်ာကျေးရွာ၊ နန်းပေါင်းကျေးရွာ၊ ရေဖြူလွင်ကျေးရွာ၊ အေးချမ်းလွင်ကျေးရွာတို့သည် ပလပ်မြေများပေါ်တွင် တည်ရှိခြင်းကြောင့်လည်းကောင်း၊ ကျစ်ကြီးကျေးရွာ၊ သစ်ဆုံအင်းကျေးရွာတို့သည် အင်ဒေါင်းကြိုးဝိုင်းပေါ်တွင်တည်ရှိခြင်းကြောင့်လည်းကောင်း ကျောင်းပိုင်မြေမဟုတ်သည့်အတွက် ကျောင်းဆောင်များဆောက်လုပ်ရန် အခက်အခဲများ ရှိပါကြောင်း။**

ထီးချိုင့်မြို့နယ် သစ်တောကြိုးဝိုင်းဧရိယာအတွင်း ပလပ်မြေပေါ်တွင်တည်ရှိသော ဟသ်ာကျေးရွာ၊ နန်းပေါင်းကျေးရွာ၊ ရေဖြူလွင်ကျေးရွာ၊ အေးချမ်းလွင်ကျေးရွာနှင့် အင်ဒေါင်းကြိုးဝိုင်းမြေပေါ်တွင် တည်ရှိသော ကျစ်ကြီးကျေးရွာ၊ သစ်ဆုံအင်းကျေးရွာများတွင် ရွေ့လျားကျောင်း (Mobile School)များကို ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ အဆိုပါဒေသရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ ရရှိနေပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ "**ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုကို လက်ရှိဘဏ္ဍာရေးနှစ်တွင် GDP ၏ မည်သည့်ရာခိုင်နှုန်း သုံးစွဲလျက်ရှိကြောင်းနှင့် နိုင်ငံတကာအနိမ့်ဆုံးစံနှုန်းများထက် မလျော့နည်းသော ရန်ပုံငွေခွဲဝေခွင့်ပြုချက်ဖြင့် တိုးမြှင့်သုံးစွဲသွားရန် အစီအစဉ် ရှိ/မရှိ၊ သုံးစွဲရန်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်သုံးစွဲမည်ကို သိရှိလိုပါကြောင်း**" မေးခွန်းနှင့်စပ်လျဉ်း၍ **လက်ရှိ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍတွင် အဆင့်မြင့်ပညာကဏ္ဍ၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် (၁၆၂)ခု၊ အခြေခံပညာကဏ္ဍ၌ အခြေခံပညာ(ထက်/လယ်/မူ)ကျောင်းပေါင်း(၄၁၂၇၂) ကျောင်းကို ဖွင့်လှစ်ထားပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍအတွက် ပညာရေးအသုံးစရိတ်ငွေကျပ် (၃၅၂၅၈၄) သန်းကို ကျခံသုံးစွဲနေသည့်အတွက် GDP ၏ (၀ ဒသမ ၇၇)ရာခိုင်နှုန်းသာရှိသော်လည်း အစိုးရအဖွဲ့ အသုံးစရိတ်၏ (၄ ဒသမ ၄၂) ရာခိုင်နှုန်း ဖြစ်ပါကြောင်း။**

ပညာရေးရင်းနှီးမြှုပ်နှံမှုအဖြစ် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်ရာ လာမည့် ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာမှ တက္ကသိုလ်အထိ ပညာသင်ကြားနေသော ပညာတော်သည့် ကျောင်းသား/ကျောင်းသူများအတွက် ပညာသင်ဆုနှင့် ထောက်ပံ့ပေးရန်လိုသော ကျောင်းသား ကျောင်းသူများတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် (၁၀၈၉ ဒသမ ၆)သန်းကို ချီးမြှင့်ရန်လည်း စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ နှစ်စဉ်လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်အခြေခံပညာကျောင်းအသီးသီးကိုလည်း ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ ကျောင်းသစ်ဖွင့်လှစ်ခြင်းများကိုလည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အပေါ်အခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဆရာများ တိုးချဲ့ခန့်ထားခြင်း၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ကျောင်းအဆောက်အအုံအသစ်များ ထပ်မံဆောက်လုပ်ခြင်းများကို ယခုနှစ်မှပင်စတင်၍ နှစ်စဉ် စဉ်ဆက်မပြတ် ဆောင်ရွက်နေသည့်အတွက် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီး ပညာကဏ္ဍအတွက် အသုံးပြုမှု ရာခိုင်နှုန်းများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၂ ရက် ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း(၁၉)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၁၇ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများ ဗိုလ်တထောင်ဘုရားအရှေ့ဘက်မုခ်နှင့် နန်းသီတာသင်္ဘောဆိပ်တို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးမြေစိုက်ပိုစတာများ စိုက်ထူစဉ်။ (မြို့နယ် ပြန်/ဆက်)

စိန်ရွှေရတနာဆိုင်

MOTHERLAND

KYAW
Business & Residential Tower

ဆောက်လုပ်ရေး

Ph : 01-394822, 204058, 248912. HandPhone : 09 864 0973, 09 506 9784, 09 503 3281, 09 500 0647, 09 513 9963.

Lashio Trade Fair

Jade Crown Ph: 09-7309 8593, 09-7313 8593, 09-43331 777

လားရှိုးမြို့





မော်

အလှပြင်၊ မာတ်ပုံ၊ ဗီဒီယို

မော် အလှပြင်သင်တန်းကျောင်း

အဆောက်အအုံရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ အောက်ဖော်ပြပါ အဆောက်အအုံအား မျက်မြင်အခြေအနေအတိုင်း ထုခွဲရောင်းချမည်ဖြစ်ရာ ဝယ်ယူလိုသူများမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

ရောင်းချမည့်အဆောက်အအုံ

အခန်းအမှတ် (၉/၁၀) (၂၈ပေ× ၅၅ပေ× ၁၆ပေ) (မြေညီထပ်)၊ တိုက်အမှတ် (၁၅၈/၁၆၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁။ အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူရမည့်နေရာ/ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ

(က) ဗဟိုသမဝါယမအသင်းလီမိတက်၊ ဆရာစံပလာဇာ၊ အဆောင် (ဘီ) စတုတ္ထထပ်၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၅၇၆၄၀၊ ၅၅၄၆၈၇

(ခ) ပဲခူးတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်လီမိတက်၊ ကျောက်တွင်းကုန်း၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့။ ဖုန်း-၀၅၂-၂၁၈၄၁၊ ၀၅၂-၂၁၂၅၅

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်/အချိန်

၄-၁၀-၂၀၁၁ရက် နံနက် ၁၀နာရီအထိ

၃။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/ နေရာ

၄-၁၀-၂၀၁၁ရက် နံနက် ၁၁နာရီ၊ ဗဟိုသမဝါယမအသင်းလီမိတက်၊ ရန်ကုန်မြို့။

ထုခွဲရောင်းချရေးအဖွဲ့

တာယာ/ဘက်ထရီအဟောင်းများနှင့် သက်တမ်းလွန်နှစ်ဟောင်းယန္တရားအရန်ပစ္စည်းများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာန၊ ပင်မအလုပ်ရုံ (ပျဉ်းမနား)ရှိ တာယာ၊ ဘက်ထရီအဟောင်းများနှင့်သက်တမ်းလွန်နှစ်ဟောင်းယန္တရားအရန်ပစ္စည်းများအား ၇-၁၀-၂၀၁၁ ရက် နံနက် ၉ နာရီတွင် အောက်ဖော်ပြပါဌာန၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့
ပင်မအလုပ်ရုံ(ပျဉ်းမနား)
ဖုန်း-၀၆၇-၂၂၀၅၅

အမည်မှန်

မြင်းခြံမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(A)တွင် ပညာသင်ကြားနေသော ဦးမောင်လွင်(ခ) ဦးသန်းဌွေး၏ သမီးဖြစ်သူ အမည်မှန်မှာ မဇင်မာဝင်း ၉/တသန(နိုင်)၁၉၂၉၇၃ ဖြစ်ပါသည်။

မဇင်မာဝင်း

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၊ မြင်းမူ အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဝင်းလွင်မြင့်၏ ဖခင်အမည်မှန်မှာ ဦးခွေး ၅/ဇေန(နိုင်) ၀၂၅၃၆၀ ဖြစ်ပါကြောင်း။ **ဦးခွေး**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိုင်းစိုးသူဝင်း၏ နိုင်ငံကူးလက်မှတ် PP-549421 သည် ခရီးသွားရင်း ပျောက်သွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၀၈၄-၅၁၂၆၂

ရန်ကုန်-မန္တလေး-ပြင်ဦးလွင်-လားရှိုး ယာဉ်လိုင်းအဆင့် မြှင့်တင်ပြေးဆွဲ

နေပြည်တော် စက်တင်ဘာ ၂၁

ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်သော ရန်ကုန် - မန္တလေး - ပြင်ဦးလွင် -လားရှိုးသို့ ပြေးဆွဲနေသော မန်းရွှေပြည် မော်တော်ယာဉ်လိုင်းသည် ပြည်သူများစိတ်ချမ်းမြေ့၍ သက်သောင့်သက်သာ ခရီးသွားလာနိုင်ရေးကို မျှော်မှန်း၍ ကားသစ်ကြီးများဖြင့် ဖြည့်စွက်ကာ ပို့ဆောင်ရေးလုပ်ငန်းကို အဆင့်မြှင့်တင်လိုက်ကြောင်း သိရသည်။ **(ယာပုံ)**

ကားသစ်ကြီးများတွင် ခရီးသည်များ သက်သောင့်သက်သာ သွားလာနိုင်ရေးအတွက် ကျယ်ဝန်းခံ့ညားသော ထိုင်ခုံ၊ ခရီးစဉ်တစ်လျှောက် အန္တရာယ်ကင်းရှင်းစေရန်အတွက် ကျွမ်းကျင်သော ယာဉ်မောင်းများ၊ အရှိန်ထိန်းစနစ်၊ နိုက်ထရိုဂျင် ဂက်စ်ဖြည့်ထားသော တာယာနှင့် လုံခြုံရေးအတွက် CCTV ကင်မရာများ တပ်ဆင်၍ အသုံးပြုသောကြောင့် ခရီးသည်များအတွက် သွားလာရေးတွင် အဆင်ပြေနိုင်သည်။ ယာဉ်လိုင်းဖြင့် ခရီးသွားလိုပါကလည်း လက်မှတ်ကို ဖုန်းဆက်လိုက်ပါက အိမ်အရောက် အခမဲ့ ပို့ဆောင်ပေးမှုကြောင့် လက်မှတ်သွားဝယ်ရသည့် အခက်အခဲများလည်းမရှိတော့ပေ။ယင်းသို့ အဆင့်မြင့်ခရီးသည်တင် မော်တော်ယာဉ်လိုင်းများသည် ကားသစ်များ တိုးချဲ့ပြေးဆွဲလာမှုကြောင့် သွားလာရေးကဏ္ဍတွင် များစွာလွယ်ကူချောမွေ့သွားသဖြင့် ခရီးသွားများ စိတ်ချမ်းမြေ့လျက်ရှိကြောင်း သိရသည်။ မန်းရွှေပြည် ယာဉ်လိုင်းဖြင့် ခရီးသွားလိုသူများသည် သိရှိလိုသည်များနှင့် ကားလက်မှတ် မှာယူပါက ရန်ကုန် ဖုန်း-၀၁-၆၁၆၉၈၂၊ ၆၃၇၁၉၂၊ ၀၉-၂၀၁၈၉၀၂၊ မန္တလေး ဖုန်း-၀၂-၇၃၈၈၃၊ ၈၀၃၉၇ နှင့် ၀၉-၆၅၀၂၂၄၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သွေးသည်အသက်

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ တတိယတန်း ရေယာဉ်အုပ်လက်မှတ် အမှတ် ဆတ-၁၆၁/၈၅ နေ့စွဲ ၁၁-၁၁-၈၅ ဖြင့် ပြုလုပ်ထားသော သင်္ဘောသားမှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်းစာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဦးမော်ကြည် ဖုန်း-၀၉-၆၄၆၀၄၆၃

မြေရောင်းမည်(သို့မဟုတ်) ကားနှင့်လဲမည်

(ပေ ၆၀× ပေ ၈၀) နှစ်ကွက်တွဲ တစ်ကွက် ကျပ်သိန်း ၃၅၀ ၁၅၃/၁၅၄၊ ရန်ကုန်လမ်း အထူးစီမံကိန်းအနှံ့ဇုန် ဒဂုံဆိပ်ကမ်းမြို့နယ်

ဦးမောင်လတ်
ဖုန်း-၀၉-၅၁၃၁၁၃၁

KNU အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၂၁

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကတိုင်တိကျေးရွာရှိ ဒေါ်သိန်းကြည်၏နေအိမ် အရှေ့ဘက်ခြံစည်းရိုးထောင့်၌ စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲခန့်တွင် KNU အဖွဲ့ကထောင်ထားသော မိုင်းတစ်လုံးပေါက်ကွဲခဲ့၍ ၎င်းကျေးရွာနေ ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း လုပ်ကိုင်သော ဦးအောင်ကျော်မိုး အသက် (၂၈)နှစ်၏ ကျောဘက်၊ ညာဘက်ဦးခေါင်း နောက်ဘက်နှင့် ညာလက်ပြင်တို့တွင် မိုင်းစများ ထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများက လိုအပ်သည်များဆောင်ရွက်ပေးပြီး ဘားအံပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးမှု တားဆီးကာကွယ်ရေး တောင်ကြီးမြို့၌ ဟောပြော

တောင်ကြီး စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းသည့် (၆)နှစ်မြောက်အဖြစ် စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ တက္ကသိုလ်ဝင်းအတွင်းရှိ ဘက်စုံခန်းမ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမူမူမြင့်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့တာဝန်ခံ ဒုတိယရဲမှူးကိုဝင်းက လူကုန်ကူးမှုခံရနိုင်သည့် နည်းလမ်းများ၊ လူကုန်ကူးမှု အမျိုးအစားများ၊ လူကုန်ကူးသူများ အသုံးပြုတတ်သည့်နည်းလမ်းများ၊ ပြည်သူများ သတိပြုရန် အချက်နှင့် သတိပြုရမည့်သူများ၊ လူကုန်ကူးမှု ကျူးလွန်ပါက ထောင်ဒဏ်တစ်သက်ကျခံနိုင်ခြင်းစသည့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ပြီး ပရိုဂျက်တာဖြင့် ဖြစ်စဉ်တို့ကို အကျယ်တဝင့်ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက သိလိုသည့်မေးမြန်းချက်တို့ကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပဲခူးမြို့ မြန်စတားအထည်ချုပ်စက်ရုံ၌ ဒုတိယရဲမှူးကြီးဝင်းမြင့်ဦး လူကုန်ကူးမှု တားဆီးရေးနှင့် မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း ပညာပေးဟောပြောစဉ်။ (မြန်မာ့အလင်း)

လူကုန်ကူးမှု တားဆီးရေးနှင့် မှုခင်းကျဆင်းရေး ပဲခူးမြို့နယ်၌ ပညာပေးဟောပြော

ပဲခူး စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြန်စတားအထည်ချုပ်စက်ရုံတွင် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက လူကုန်ကူးမှု တားဆီးရေးအဖွဲ့က ကျင်းပသော လူကုန်ကူးမှုတားဆီးရေးနှင့် မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဟောပြောပွဲ ကျင်းပသည်။ ရှေးဦးစွာ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်ဦးက ပြစ်မှုဆိုင်ရာ သိကောင်းစရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း ပညာပေးဟောပြောပြီး လူကုန်ကူးမှုတားဆီးရေးအကြောင်းကို လူကုန်ကူးမှုတားဆီးရေးအဖွဲ့ တာဝန်ခံ ဒုတိယရဲမှူး ရဲဝင်းအောင်က ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေး ထန်းတပင် အထက၌ ဟောပြော

ထန်းတပင် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျောင်းသား ကျောင်းသူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က ထန်းတပင် အထက လှိုင်ရတနာခန်းမ၌ကျင်းပရာ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ထန်းတပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းအောင် **(အပေါ်ပုံ)**က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပြီးနောက် ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရှိရသည်။ **(ဝ၄၈)**

စက်တင်ဘာ ၁ ရက်က အမှတ် (၂၄) မင်္ဂလာလမ်း အင်းစိန်မြို့နယ်နေ ဒေါ်စောတင်မိသားစုက ဘိုးဘွားရိပ်သာငွေပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးယုနိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်

မန္တလေး စက်တင်ဘာ ၂၁

သမဝါယမဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (မန္တလေး)က ကြီးမှူး၍ သစ်သီးဝလံ အခြေခံထားသော ကုန်ထုတ်လုပ်နည်းသင်တန်းအမှတ်စဉ်(၅၀) ၁၂/၂၀၁၁ သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အထက်တန်း ရက်ကန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် အထက်မြန်မာပြည် ရုံးခွဲညွှန်ကြားရေးမှူး ဦးဌေးလွင်တို့က အမှာစကားပြောကြားကြပြီး သင်တန်းနည်းပြ ဦးစီးမှူး ဒေါ်ပိုင်ပိုင်ကျော်က သင်တန်းပို့ချမည့် အစီအစဉ်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(၁၀၂)**

လက်ကိုင်ဖုန်းသုံးစွဲသူများ လိုင်းပြတ်တောက်ခြင်းမဖြစ်ပေါ်စေဖို့ သတိပြု ဆင်ခြင်ဖွယ်ရာ

ရန်ကုန် စက်တင်ဘာ ၂၁

မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ အသုံးပြုခွင့်ပေးထားသည့် ကျပ်ငါးသိန်းတန် CDMA 800 MHZ၊ ကျပ်ငါးသိန်းတန် CDMA 450 MHZ နှင့် ကျပ်ငါးသိန်းတန် GSM ဖုန်းများ အသုံးပြုရာတွင် ငွေဖြည့်ကတ်မှငွေကို သတ်မှတ်ထားသည့်အချိန်တွင် ငွေထပ်မံမဖြည့်တင်းပါက ဖုန်းဆက်သွယ်မှု လိုင်းပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

မိမိ၏လက်ကိုင်ဖုန်းတွင် ငွေကျပ် ၁၀၀၀ သာ ကျန်ရှိတော့မည်ဆိုပါက ဖုန်းခေါ်ဆိုခ ထပ်မံဖြည့်တင်းရန်အတွက် မိမိဖုန်းသို့ စာတိုက်ပို့စနစ် (SMS) ဖြင့် အကြောင်းကြားလာမည်ဖြစ်သည်။ ထိုသို့ အကြောင်းကြားလာသည့်အခါ ကျန်ရှိသောငွေကို ကုန်အောင်သုံးစွဲမည်ဆိုပါက လိုင်းပြတ်တောက်သွားမည်ဖြစ်သည်။

ပြန်လည်ဖြေကြား

ရန်ကုန်ဖုန်းဟုအများခေါ်သည့် 800 MHZ ကို ကိုင်ဆောင်အသုံးပြုသူတစ်ဦးကလည်း ၎င်းတွေ့ကြုံခဲ့ရသည်ကို ပြောပြရာတွင် ကျွန်တော်ဖုန်းအသုံးပြုနေတဲ့ အချိန်မှာ ကျွန်တော့်ကို Alarm ပေးပြီး SMS နဲ့ အကြောင်းကြားလာတယ်။ SMS ကို ဖွင့်ကြည့်လိုက်တော့ ငွေ ၉၃၅ ကျပ်ပဲ ကျန်တော့တယ်လို့ ဖော်ပြထားတယ်။ ဒါပေမယ့် သေချာအောင်ဆိုပြီး 166 နဲ့ ငွေဘယ်လောက်ကျန်လဲ သိရအောင်ခေါ်မေးတော့ ကျန်ငွေကို လုံးဝမေးလို့မရတော့ဘူး။ ဖုန်းကတော့ခေါ်လို့ရသေးတယ်။ အဲဒါနဲ့ ကျွန်တော်လည်း ငွေကျပ်တစ်သောင်းတန်ကတ် တစ်ကတ်ထပ်ဖြည့်လိုက်တော့မှ အဆင်ပြေသွားတယ်။ 166 နဲ့ ပြန်မေးလိုက်တော့မှ အသစ်ဖြည့်လိုက်တဲ့ငွေနဲ့ ဖုန်းထဲမှာကျန်တဲ့ငွေပါပေါင်းပြီး ပြန်ဖြေကြားပေးတယ်ဟု ပြောပြသည်။

စုံလင်စွာဖော်ပြ

လက်ကျန်ငွေကို လိုင်းပြတ်တောက်သွားအောင်သုံးစွဲမိပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့သွားရောက်၍ လိုင်းပြန်ဖွင့်ရမည်ဖြစ်သည်။ လိုင်းပြန်ဖွင့်သော်လည်း ချက်ချင်းမရနိုင်၍ မိမိ၏ဖုန်းကို ငွေမကုန်မီ အချိန်မီပြန်လည်ဖြည့်ဆည်းပေးရန်လိုပေသည်။ Prepaid Top up Card ကတ်တွင် ငွေဖြည့်နည်း၊ ငွေလက်ကျန်မေးနည်းများကို စုံလင်စွာဖော်ပြပေးထားသည်။ ကြိုတင်ငွေဖြည့်ကတ်မှ Pin No ခဲကို ခြစ်လျှင်လည်း ဘေးနှစ်ဖက်မှမခြစ်ရဘဲ အလယ်မှစတင်၍ ဘယ်ညာကိုဖြည်းညင်းစွာ ခြစ်ပေးခြင်းဖြင့် Pin No များပျက်စီးခြင်းမှကာကွယ်ပေးထားမည်ဖြစ်သည်။ ဘေးဘက်မှ ခြစ်လျှင် နံပါတ်တပ်ထားသော ပလတ်စတစ်ကွာ၍ နံပါတ်များ ပျက်စီးတတ်သောကြောင့် ဂရုစိုက်ရန်လိုအပ်ကြောင်း သိရသည်။ **(ကိုကြီးသာ)**

မိဘဆရာအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ကျင်းပ

ကန်ပက်လက် စက်တင်ဘာ ၂၁

၂၀၁၀-၂၀၁၁ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုနှင့် ကျောင်းဝတ်စုံထောက်ပံ့ခြင်း အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက ကန်ပက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် သဘာပတိ ဦးထန်းမနားက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးဟရန်အဲနှင့် ကျောင်းအုပ်ဆရာကြီး ဦးဟေချမ်းတို့က သင်းလုံးကျွတ် အစည်းအဝေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ကန်ပက်လက်တွင်အမှတ်အများဆုံးနှင့်ဇီဝဗေဒဂုဏ်ထူးရ မောင်နိုင်ဟုန်းနှင့် ပထဝီနှင့်သမိုင်းဂုဏ်ထူးရရှိကြသော မောင်ဆောမနားနှင့် မမဲင်းဖွေးတို့အား ငွေနှင့်ပစ္စည်းများကိုလည်းကောင်း၊ အမကငါးကျောင်းမှ ချို့တဲ့ကျောင်းသားကျောင်းသူ ၂၄ ဦးအတွက် ကျောင်းဝတ်စုံ ၄၈ စုံတို့ကို လည်းကောင်း မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း စာအုပ်စင်ကလျာ

မြန်မာ့ရိုးရာစကားထာများစာအုပ် ထုတ်ဝေဖြန့်ချိ



ရန်ကုန် စက်တင်ဘာ ၂၁

ပန်းဝေဝေစာပေမှထုတ်ဝေသော စာရေးဆရာမကြီးကြည်ဦး ရေးသားသည့် မြန်မာ့ရိုးရာ စကားထာများ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဆရာမကြီးက မရိုးနိုင်သော ရှေးရိုးစဉ်လာစကားထာများကို ဖော်ထုတ်ပြုစု ရေးသားထားသည်။ ဤစကားထာစုကို ပြန်လည်ဖော်ထုတ်ရသော ရည်ရွယ်ချက်ကား ရှေးမြန်မာများ၏ ရိုးရာပျော်ရွှင်မှုဖြစ်သော ဓလေ့ထုံးတမ်းတစ်ရပ်ကို နှောင်းလူများ သိရှိကြစေရန်၊ ပညာလည်းရ၊ ဉာဏ်လည်းရွှင်၊ စိတ်ကူးလည်း ထက်မြက်စေရန်၊ အများအကျိုးသယ်ပိုးလိုသော စိတ်ဓာတ်၊ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးခင်မင်သည့် စိတ်ဓာတ်များ တိုးတက်ဖွံ့ဖြိုးလာစေရန် စသည်တို့ဖြစ်ကြောင်း ဆရာမကြီးက စာအုပ်၏ နိဒါန်းတွင် ဖော်ပြထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅ တို့တွင် ငွေကျပ် ၃၅၀၀ ဖြင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဒစ်ဂျစ်တယ် ရုပ်သံရိုက်ကူးတည်းဖြတ်မှု လက်စွဲစာအုပ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၂၁

စာရေးဆရာ ဝင်းဟိန်းရေးသားပြုစုသည့် ဒစ်ဂျစ်တယ် ရုပ်သံရိုက်ကူးတည်းဖြတ်မှု လက်စွဲစာအုပ်ကို မဇ္ဈိမစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ စာအုပ်တွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ရုပ်သံရိုက်ကူးတည်းဖြတ်ခြင်းဆိုင်ရာများကို ရေးသားဖော်ပြထားပြီး ဒစ်ဂျစ်တယ် ကင်မရာတစ်လုံး၏အလုပ်လုပ်ပုံ၊ ရိုက်ကူးမှုဆိုင်ရာ သိကောင်းစရာများ၊ ထုတ်လွှင့်ပြသနေသော ဗီဒီယိုစံနှုန်းသတ်မှတ်ချက်များ၊ အလင်းအမှောင်စနစ်များဆိုင်ရာ အခြေခံသိကောင်းစရာများ၊ အသံပိုင်းဆိုင်ရာ သိကောင်းစရာများ၊ ဗီဒီယိုရိုက်ကူးခြင်း၊ အသံဖမ်းခြင်း၊ ဗီဒီယိုဖိုင်များ ပေါင်းစပ်တည်းဖြတ်ခြင်းဆိုင်ရာ သိကောင်းစရာများကိုပါ ဖတ်ချင်စဖွယ်၊ ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည်။

အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇ (ပထမထပ်) ၃၉ လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅နှင့် ၀၉-၅၀၅၆၈၄၃ တွင် ငွေကျပ် ၃၅၀၀ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေး တပ်ကုန်းမြို့၌ မျိုးနှင့်ဓာတ်မြေဩဇာများပံ့ပိုးပေး

တပ်ကုန်း စက်တင်ဘာ ၂၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ ဆီထွက်သီးနှံအထွက်နှုန်းကောင်းမွန်ရေးအတွက် နေကြာအထူးအထွက်တိုးစိုက်ပျိုးမည့် စံပြကွက်တောင်သူများအား ရေဆင်း စပ်မျိုး(၁)နေကြာနှင့် ဓာတ်မြေဩဇာများ ပံ့ပိုးပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၄ ရက်က တပ်ကုန်းမြို့နယ် မကြီးပင်ကျေးရွာအုပ်စု၌ ကျင်းပရာ နေပြည်တော်ခရိုင် စိုက်ပျိုးရေးလက်ထောက်မန်နေဂျာ ဦးသာအောင်၊ မြို့နယ်မန်နေဂျာ ဦးချစ်ဆွေဦးနှင့် ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ တာဝန်ရှိသူများက တောင်သူများထံ လက်ဝယ်အရောက်ပေးအပ်၍ နည်းပညာဆွေးနွေးခြင်း ပြုလုပ်ခဲ့ကြသည်။ ရေဆင်းစပ်မျိုး(၁)နေကြာသည် တစ်ဧကလျှင် တင်း ၅၀ မှ ၆၀ အထိ ထွက်ရှိပြီး တစ်တင်းလျှင် ဆီလေးပိဿာခွဲ ထွက်ရှိကြောင်း သိရှိရသည်။ **(ဝ၂၁)**

မိုင်းယောင်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

မိုင်းယောင်း စက်တင်ဘာ ၂၁

မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် ညနေ ၃နာရီက မြို့နယ် အားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ပထမပွဲစဉ်အဖြစ် အမှတ် (၁)ရပ်ကွက်အသင်းနှင့် လောကနတ်အသင်းတို့ယှဉ်ပြိုင်ကြရာ လောကနတ် အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲသို့ မြို့ပေါ်ရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဘောလုံးအသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလမုတ္တမံ = မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း (၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၁)ခု တင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၇၆)ဦးတို့ တက်ရောက်ကြသည်။

အဆိုအသစ်တင်သွင်း

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း၏ **တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို ဖော်ဆောင်သော တစုတစည်းတည်း စည်းလုံးညီညွတ်သည့် တောင်သူလယ်သမားအဖွဲ့အစည်းကြီးကို နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့် အကောင်အထည်ဖော် ဖွဲ့စည်းသွားရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဦးဉာဏ်ဆွေဝင်း၏ မေးမြန်းချက်အပေါ်

စာမျက်နှာ ၆ ကော်လံ ၁ ❐

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း (၁၉)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၉၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်က "**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများ စုဝေးပြီး ပညာသင်ကြားခွင့်ရရှိသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပုံမှန်အတိုင်းဆက်လက်ဖွင့်လှစ်သွားရန် အစီအစဉ်ရှိ/မရှိ**" မေးမြန်းရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသိပ္ပံ စတင်ဖွင့်လှစ်ခဲ့စဉ်က အဓိကရည်ရွယ်ချက်သည် နယ်စပ်ဒေသနှင့် သွားလာရေး ဝေးလံခက်ခဲသည့်ဒေသမှ တိုင်းရင်းသားလူငယ်များကို နိုင်ငံတော်က တာဝန်ယူကာ ဘွဲ့ရသည်အထိ

စာမျက်နှာ ၈ ကော်လံ ၁ ✳

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)